# လယ်မှီးကျေးရွာ

# မိုးညှင်းမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၁၇)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လယ်မှီးကျေးရွာ၊ မိုးညှင်းမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ခုနှစ်၊ စက်တင်ဘာလ

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

လယ်မိုးကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇**
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉**

**ကိုးကားစာရင်း ၇၄**

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |

| | |
|---|---|
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက ်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။


စက်တင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

လယ်မိုးကျေးရွာ

မိုးညှင်းမြို့နယ်

## လယ်မှိုးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊မိုးညှင်းမြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ရွှေဘို-မြစ်ကြီးနားကားလမ်းပေါ်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ မိုးညှင်းမြို့ နှင့်ဆက်သွယ်သွားလာရလွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသနှင့်တောင်ကုန်းဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖြစ်ကြသည်။ မြေပြန့်နှင့်တောင်ကုန်းဒေသများကို ခွဲခြားထားသော ချောင်းရှိပါသည်။ လယ်မြေ များသည် စပါး၊ပဲစိုက်ပျိုးထုတ်လုပ်ရန်နှင့်အသက်မွေးဝမ်းကျောင်းရန်တို့အတွက် အဓိကအားထားရာ ဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်မြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာတွင်သဘာဝသယံဇာတမထွက်ရှိပါ။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက(၁၀၀၃) ဧကရှိပြီး စပါး၊ မြေပဲနှင့်ပဲငပိကို အဓိကစိုက်ပျိုးနိုင်သည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၂၅၅)စုနှင့်ကျား(၇၀၄)၊ မ(၇၂၉)ဦးဖြင့် လူဦးရေပေါင်း(၁၄၃၃)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၆)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း ၅ ဦးထက်များ နေသည်။ကျေးရွာတွင် ဗမာလူမျိုးအများဆုံးနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၆၆%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ် များကိုလေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ် နိုင်သောအရွယ်ရှိအမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်လျော့နည်းနေပါသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့်လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၁၅%သည် အလွန်ဆင်းရဲပြီး အဆင့်(၃)ရဲ့(၄၅%)ရှိကြသည်။ ချမ်းသာသည့်အဆင့်နည်းပါးသည်။ အနိမ့်အဆင့် ရှိကြသည်ဟုသတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု၊ လက်လှမ်းမီမှု၊ လယ်ယာသုံးစက် ကရိယာများပိုင်ဆိုင်မှုမရှိသောကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ နိမ့်သည်ဟု ပြောနိုင်သည်။ ချမ်းသာသော လယ်သမားအိမ်ထောင်စုများအပြင် အခြားလယ်သမား အိမ်ထောင်စုအချို့မှာလည်း ဆန်ကြိတ်စက်၊ ကုန်စုံဆိုင်၊ အသေးစားစက်မှုလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ငွေချေးသော အိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေရေး ကြေးရေးအသင့်အတင့် အဆင်ပြေကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင် သော လယ်သမားများ၊ လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားများနှင့် မြေယာမဲ့ အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်နိမ့်ကျပြီး (၁၁၃)ထိ ရှိကာ ဆင်းရဲ၊အလွန်ဆင်းရဲအိမ်ထောင်စုများဖြစ်ကြသည်။

**(ဂ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှုရှိသည်။ ကလေးငယ်အများစုလည်းကျန်းမာကြသည်။ အမျိုးသမီး၊လူငယ်လူရွယ်၊ သက်ကြီး ပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့်ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာ သားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင်း ရရှိမှုနည်းသည်။ (၁၅)မိုင်ကွာဝေးပြီး ကားလမ်းဖြင့် အလွယ်တကူသွားလာနိုင်သော မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့် လည်းလက်လှမ်းမီမှုမရှိပါ။ ကျေးရွာတွင် ရေတွင်း၊ လက်နှိပ်တုံကင်၊မော်တာသုံးတုံကင်နှင့် စိမ့်စမ်းရေများမှ မြေအောက်ရေကို အလွယ်တကူ ရရှိနိုင်ကြပြီး ဝမ်းပျက်၊ဝမ်းလျော၊တိုက်ဖွိုက်၊ အစာအိမ်ရောင်စသော ရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်း တွေ့ရသည်။

**(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသား အများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့် အတင့်များပြားသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်း၊ အလယ်တန်း၊

အထက်တန်းကျောင်းခွဲတို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

**(င) ကျား၊မဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မရေးရာဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အား စိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးတို့ပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက် ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်း ဖြင့် ကျား-မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

(က) ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၆)ဖွဲ့၊ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ(၁)ဖွဲ့နှင့် စီးပွားရေးဆိုင်ရာ (၁)ဖွဲ့တို့ရှိသည်။ ယင်းအဖွဲ့များအနက် ပြင်ပမှ ဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာ အဖွဲ့ဖြစ်သည်။ အမျိုးသမီးရေးရာအဖွဲ့မှာ လှုပ်ရှားဆောင်ရွက်မှုအားနည်းသည်။ နာရေးကူညီမှု အသင်းမှာ နာရေးကိစ္စအပါအဝင် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လှုပ်ရှား ဆောင်ရွက် မှုအားကောင်းသည်။ မြန်မာ့အသေးစားငွေကြေးအဖွဲ့ကို ပြင်ပမှ ဖွဲ့စည်းပေးထားပြီး အသေးစားငွေစု ငွေချေးလုပ်ငန်းကို လည်ပတ်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာရှိအဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘော တရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီးအဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါး၊မြေပဲနှင့်ပဲငပိကို အဓိကထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက် ဧက (၁၀၀၃)ရှိပြီး သီးထပ်အဖြစ်မြေပဲ(၅၀)ဧကနှင့်ပဲငပိ(၂၅၀) ဧကကို စိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှ အထွက်မှာ(၉၅)တင်း၊ မြေပဲ(၅၀)တင်းနှင့် ပဲငပိ(၂၅)တင်းနှုန်းတို့ ထွက်ရှိကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများပေးသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခ ပိုမိုပေးမှအလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာကုန်ကျစရိတ်မြင့်မားသည်။ တစ်ချို့တောင်သူ များမှာ အလုပ်သမားရှားပါးမှုနှင့်ကုန်ကျစရိတ်မြင့်တက်မှုတို့ကိုကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက်စနစ်ကို သုံးကြသည်။ တောင်သူများသည် တစ်ခါတရံတွင် မိုးရွာသွန်းမှုမညီမျှမှု ရင်ဆိုင်ရတတ်သည်။ ပဲငပိစိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ယင်းဖျက်ပိုး များသည် ပိုးသတ်ဆေးတစ်ချို့ကို ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူအနေဖြင့် ထိရောက်သော ဖျက်ပိုးနှိမ်နှင်းရေး နည်းစနစ်ကို လိုလားနေကြသည်။

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စုအရေအတက်မှာ တစ်ရွာလုံး၏ (၈၂) ဝန်းကျင် သာရှိပြီး ဒေသမှဝက်မျိုးများကို မွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုလည်း တစ်ရွာ လုံး၏ (၁၇၀)ခန့်ရှိပြီး ဈေးကွက်တွင် ဝယ်လိုအားရှိသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရိစ္ဆာန် ရောဂါများမှာ အထူးသဖြင့် ခွာနာလျှာနာ၊ ကြက်ငှက်တုပ်ကွေး နှင့်ဝက်နားရွက်ပြာအဖြစ်ပြီး ရောဂါ ကြောင့် သေဆုံးပျက်စီးမှုများရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှ ရရှိ နိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှုအားနည်းသည်။ မွေးမြူရေးပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့်ဆင်းရဲသောသော အိမ်ထောင်စုများက မွေးမြူရေး လုပ်ငန်းတည်ထောင်တိုးချဲ့ဆောင်ရွက်ရန်ချေးငွေကို အလွယ်တကူမရရှိနိုင်ကြချေ။ ရွာထဲမှ ငွေချေး သူများထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ကျေးရွာတွင် မွေးမြူရန် ရေမြေ နေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းမရှိပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စား အလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ခေါင်းရွက်ဗျက်ထိုး၊ အစိုးရဝန်ထမ်း လုပ်ငန်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေ ကိုက်မှုအနည်းအပါးမှ အသင့်အတင့်အနေအထားတွင် ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ

စိုက်ပျိုးရေးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်းအချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလား အလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှု ပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားပေါင်း၊ ဝပ်ရှော့စသည်တို့သည် သက်မွေးဝမ်းကျောင်း သင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့နည်း ပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး သင်တန်း စရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ အပ်ချုပ်၊ စက်ပြင်စသော သင်တန်းများသို့ အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

### (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် ပဲငပိစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြား သည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ် ကြသဖြင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက် ပေးသင့်သည်။

### (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း ပြား၈ဂတိုးနှုန်း၊ တစ်ကေ တစ်သိန်းခွဲကျန်းနှုန်းဖြင့် အများဆုံး ဆယ်ကေအတွက် ချေးယူနိုင်ကြသည်။ တစ်ချို့အိမ်ထောင်စုများမှာ ရွာထဲမှ ငွေတိုးချေးစားသူများထံမှ တစ်နှစ်အတိုး နှုန်း၃၆%မှ၆ဝ%ဖြင့်လည်းကောင်း၊ မိတ်ဆွေ၊ မိသားစုဝင်များထံမှ တစ်နှစ်အတိုးနှုန်း၁၅%ခန့်ဖြင့် လည်းကောင်း ချေးယူနိုင်ကြသေးသည်။ ကျေးရွာတွင် သမဝါယမအသင်းကို ဖွဲ့စည်းထားခြင်း မရှိသေးပါ။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းအရင်းမျိုးစုံ (ရိက္ခာ၊ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက်ချေးယူကြပြီး ကျေးရွာတွင် ချေးငွေ လိုအပ် ချက်များပြား ကြောင်းတွေ့ရှိရပါသည်။ကျေးရွာတွင် အကြွေးထားရှိမှုအနေအထားကို လေ့လာ

ဆန်စစ်ချက်အရ ပါဝင်သောဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ ၂၀၀၀၀ကျပ်မှဆယ်သိန်းအထိ ချေးယူထားကြောင်းတွေ့ရှိရသည်။ ထိုအိမ်ထောင်စုများ၏ ၇၀%သည် အကြွေးငါးသိန်းအောကချေးယူထားပြီး ၁၀%သည် ငါးသိန်းအထက်ချေးယူထားပြီး ၂၀%မှာ ချေးငွေ မယူသော မိသားစုများဖြစ်ကြသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကို ၁၈၀ ပေ၊ ၃၀ပေ၊ ၁၂ပေခွဲရှိပြီး သွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်းကျောင်းဆောင်တွင် ပညာသင်ကြားပေးသည်။

ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦးရေ၏ ၁% မှာ ဘွန်းကြီးကျောင်းပညာရေးကိုရရှိထားကြသည်။ မူလတန်းအောင် ရာခိုင်နှုန်းလည်းမြင့်မားသည်။ ယခုနှစ်ကျောင်းအပ်နှံသည့် နှုန်းထားသည် ကျေးရွာရှိ မူလတန်းအရွယ်နှင့်အလယ်တန်းအရွယ်ရှိသူအရေအတွက်ထက် ပိုနေကြောင်း တွေ့ရှိရကာ ၎င်းမှာ မူလတန်းတွင် ၉နှစ် အလယ်တန်းတွင် ၁၄နှစ်ထက်ကြီးသော ကျောင်းသားများပါရှိခြင်း၊ အနီးရွာမှ ကျောင်းသားများတက်ရောက်နေခြင်းတို့ကြောင့်ဖြစ်သည်။ ကျောင်းတွင် ပရိဘောဂများ မလုံလောက်သေးပါ။ မူလတန်းပြဆရာ/မ(၃)ဦး၊ အယ်တန်းတွင် ဆရာ/မ(၈)ဦးနှင့် အထက်တန်းဆရာ/မ (၆)ဦးတို့ရှိကြသည်။ ဆရာမအင်အားလုံလောက်မှုရှိသည်။ လွန်ခဲ့သော ကျောင်းဖွင့်ရာသီက မူလတန်းကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့် ကျောင်းစိမ်းဝတ်စုံတစ်စုံအခမဲ့ ပံ့ပိုးပေးခဲ့သည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသေးပါ။ ဆေးဆိုင်အချို့ရှိပါသည်။ ကျန်းမာရေးချို့တဲ့သည့်အခါတွင် မြို့နယ်ဆေးရုံးများသို့သွားရောက်ကုသကြရပါသည်။

သောက်ရေအတွက် လက်ရှိရေတုံကင်နှင့် မော်တာသုံးရေတုံကင်များတပ်ဆင်သုံးစွဲကြပြီးလုံလောက်မှုရှိသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့် ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ပျဉ်ကာများဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင်း ဆက်စပ်ဖြစ်ပွားသော ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန် လွယ်ကူသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိပေ။ သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များ

တွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်ဖော်ဆောင်ခြင်းမရှိသေးချေ။

**(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

၂၀၁၅ခုနှစ်က ၇ဖာလုံအရှည်ရှိသော ကျောက်ချောလမ်းကို ကျေးလက်ဦးစီးဌာနက ခင်းပေးခဲ့သည်။ကျေးရွာရှိရွာတွင်းလမ်းမှာ ကျောက်ချောလမ်းဖြစ်၍ ထော်လာဂျီများကို အသုံးပြု မောင်းနှင်ကြသည်။ရေလမ်းခရီးအသုံးပြုမှုမရှိပဲ လမ်းပန်းဆက်သွယ်ရေးအတွက်မော်တော်ဆိုင်ကယ် (၃၂၀)စီး၊ စက်ဘီး(၂၀၃)စီး၊ ထွေလာဂျီ(၂၃)စီးနှင့် ကား(၂)စီးတို့ကို အသုံးပြုလျက်ရှိကြသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၅ခုနှစ်မှစ၍ ဆက်သွယ်ထားရှိပြီး ကျေးရွာရှိအိမ်ထောင်စုအားလုံး၏ ၉၀% ခန့်သည် သွယ်တန်းအသုံးပြုနေကြပြီဖြစ်သည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက် အလက်များတွင် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိသေးပါ။ ထို့ကြောင့် စာကြည့်တိုက်များ လိုအပ်လာကြောင်းကို တွေ့ရှိရသည်။ တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သော ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူ မရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာရှိ သဘာဝဘေးအန္တရာယ်လျှော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်းမြင့်မားလာစေရေးအတွက် အထောက်အကူပြုနေသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ ၇၇%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်း မွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် အသင့်အတင့်ကောင်း မွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်အတကူလက်လှမ်းမမီနိုင်ကြ သေးပါ။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် အသင့်အတင့်သာရှိသေးကြောင်း တွေ့ရှိရပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာအတော်အသင့်ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်ပေးနိုင်သည်။ မိုးရွာသွန်းမှုမှာ စပါးနှင့် ဆောင်းသီးနှံများ စိုက်ပျိုးရန် အထောက်အပံ့ဖြစ်စေသည်။ ကျေးရွာသည် ဟိုပင်မြို့နှင့် မိုးညှင်းများသို့ ကတ္တရာလမ်း၊ ရထားလမ်းတို့ဖြင့် ကူးသန်းသွားလာနိုင်သည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်းသဖြင့် အထူးသဖြင့်ကြက်နှင့်ဝက်ကို တိုးချဲ့မွေးမြူရန်အခွင့်အလမ်းသာသည်။ သို့သော် မွေးကုဦးစီးဌာနမှ လိုအပ်သောနည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့

အထွက်နှုန်းတိုးမြှင့်အောင် အားစိုက်ရပေမည်။ ပိုးသတ်ဆေးအချို့ကို ခံနိုင်သော ဖျက်ပိုးများလည်း ပဲငပိစိုက်ခင်းများတွင် ကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာအကောင် အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးရေးအထောက်အပံ့များရရှိရန် လိုအပ်သည်။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားသည်။ ဘဏ်များမှ ကျေးရွာအရောက်ဝန်ဆောင်မှုပေးသော စနစ်လဲမရှိပဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွားရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ချေးရန်စာရွက် စာတမ်းလိုအပ်ချက်များ ဖြည့်စွက်ရာများတွင် အခက်အခဲကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန်ရရှိရေး အတွက်အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ၊ အထိအတွေ့တို့အားနည်းပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအခြေအနေကို ပိုမိုတိုးတက် မှုရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် လူငယ် လူရွယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ပြန့်လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာ အခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှု ယန္တရား တိုးတက်လာစေရမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

၁.၁) ကျေးရွာတွင် ငွေအရင်းအနှီး၊နည်းပညာနှင့်နည်းပညာ အသုံးချနိုင်စွမ်းကို ရရှိရေးကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်သွားမည်။အသေးစား ငွေကြေးလုပ်ငန်းနှင့်ချေးငွေများအတွက် မြို့နယ်ရှိ ဘဏ်များ၊အရင်းအနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။အလားတူပင် စိုက်ပျိုးရေး၊မွေးမြူရေး နည်းပညာများထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေး နည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။သင်တန်းပြီးမြောက်ထားသူများမှတဆင့် ရရှိထားသော နည်းပညာများကို ပြန်လည် မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများအသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

၁.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ဇာထိုးပန်းထိုး၊ယိုနှင့်မုန့်လုပ်နည်း၊ဆံပင်ညှပ်၊စက်ပြင်၊မော်တော်ဆိုင်ကယ်ပြင်နှင့်မိုဘိုင်းဖုန်းပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ထိုသင်တန်းများသည် သင်တန်းသားများ အတွက် ကျွမ်းကျင်မှုကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီး လုပ်ငန်းအစီအစဉ်နှင့်ချိတ်ဆက်ပေးမည်။

၁.၃) ကျေးရွာတွင် စာသင်ကျောင်း ခြံစည်းရိုးများကို ကောင်းမွန်အောင် ပြုလုပ်ပြီး ကလေးငယ်များ၏
အရည်အချင်းတိုးမြင့်လာရေးအတွက်ဆောင်ရွက်မည်။ပညာရေးအနေနှင့်ချိတ်ဆက်ပြီး ကျောင်း လိုအပ်သည်များကို ဖြည့်စွက်ကာ ကျွမ်းကျင်မှု ပြည့်ဝသော ဆရာ၊မ ခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

၁.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့်လက်ရှိ ရောင်းချနေသော ကျေးရွာ(မနက်)ဈေးကို ပိုမိုကောင်းမွန် အောင်မြင် မြှင့်တင်ဆောင်ရွက်ကာ ကျေးရွာ၏ အခြေခံ အဆောက်အဦးများ တိုးတက်ကောင်းမွန်ရေး အတွက် ဆောင်ရွက်သွားမည်။တချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြု စီမံခန့်ခွဲ ထိန်းသိမ်းရေး အတွက်စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားကြမည်။ကျေးရွာ လူမှု အဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြု လုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင် ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

## (ခ) စိုက်ပျိုးမြေ ထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင် မြေပဲနှင့်ပဲငပိကို သီးထပ်စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နင်းရေး အတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရသော်လည်း ထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူ များအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။နည်းပညာ အသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နင်းရေးနည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီး ဌာနက ဦးစီးဦးရွက်ပြုသင့် ပါသည်။

## (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊အလယ်အလတ် တောင်သူနှင့်တောင်သူကြီး များအတွက် လိုအပ်သော ချေးငွေ ရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။အထူးသဖြင့် လယ် သမားနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစား စီးပွားရေးလုပ်ငန်းများ

အတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ကျေးရွာတွင် သမဝါယမ အသင်းအဖွဲ့ အစည်းထားခြင်းမရှိသေးသဖြင့် မြို့နယ်သမဝါယမ အသင်းက ချေးငွေ လိုအပ်သူ ရွာသားများအတွက် ချေးငွေ အစီအစဉ်ကို ဆောင်ရွက်သင့်သည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်း အသေးစားစက်မှုလက်မှု လုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီ အလုပ်အကိုင်နှင့်အမြတ်အစွန်းများ ရရှိရန် အထူးသဖြင့်လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့် အလမ်း ရှိပါသည်။သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ဈေးကွက်၊သတင်း အချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေ သောလုပ်ငန်းများ(ကုန်ထုတ်ခြင်း၊စက်မှု၊လက်မှုလုပ်ငန်း)အတွက် လုပ်ငန်း စီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။

ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်း သစ်များ ယခုအခါ အဆင်သင့် မတွေ့ရသေးပါ။နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက် တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ထိုအဖွဲ့ တွင် ကျွမ်းကျင်ပညာရှင် တချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသ မှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်း၊စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်း ရရှိရပါမည်။

**(င) ကျေးလက်ဈေး ဆောက်လုပ်ရေး**

ကျေးရွာ၏ ရွာလမ်းမပေါ်တွင်ယာယီဈေးတစ်ခုရှိသည်။ လူကြီးခရီးစဉ်ကြုံကြိုက်စဉ်တို့တွင် ဈေးရောင်းချမှုကို ရွှေ့ဆိုင်းရတတ်သည်ကိုလည်း ကြုံရတတ်သည်။ မြို့နယ်အာဏာပိုင်အဖွဲ့အစည်း များက ရေ၊ သန့်ရှင်းရေးစနစ်နှင့်လမ်းတို့စနစ်တကျပါဝင်သည့် ဈေးအဆောက်အဦတစ်ခုတည် ဆောက်ပေးပါရန်ပါဝင်ဆောင်ရွက်ပေးသင့်ပါသည်။ လယ်မှီးကျေးရွာအပြင် အနီးပတ်ဝန်းကျင်မှ ရွာသူရွာသားအချို့အတွက်လည်း အကျိုးခံစားမှုရရှိစေနိုင်ပါမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ချက်များဖြစ်သည်။ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ

စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ငါးနှစ်တာ စီမံချက် ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှု မရှိနိုင်ပါ။ဤသည်မှာ ကျေးရွာလူထု သည်နှစ်နှစ်၊သုံးနှစ်တာကာလ၊စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာ ကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေး လုပ်ငန်းများကိုလည်း ဖော်ထုတ် သွားကြပါမည်။ သို့ပါသော်ကြောင့် ရေးဆွဲထားသည့်ငါးနှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝ ဘေးအန္တရာယ်သို့ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ကိုဆောင်ရွက်သွားကြပါမည်။

### (ခ) ဘဏ္ဍာနှင့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကိုစီမံချက်ဆိုင်ရာ အချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန်အထောက်အကူပြုသည်။

### လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***လမ်း၊တံတား*** | | | | | |
| | ၁။ ကျေးရွာချင်းဆက်ချောင်းကူး တံတားတည်ဆောက်ပေးရန် | ၁၀၀ | ၁ | | |
| | ၂။ ရွာတွင်းလမ်းကွန်ကရစ်လမ်း ဆောင်ရွက်ပေးရန် | | | _ | |
| | ၃။ ကုန်ထုတ်လမ်းအားကျောက် ချောလမ်းခင်းပေးရန် | | | _ | |
| ***ကျန်းမာရေးအဆောက်အဦး*** | | | | | |
| | ၂။ ကျန်းမာရေးဆေးပေးခန်း ဆောက်လုပ်ပေးရန် | ၉၁ | ၂ | _ | |
| **ပညာရေး** | | | | | |
| | ၃။ ဆောက်လုပ်ဆဲကျောင်းဆောင် အပြီးသတ်ဆောင်ရွက်ပေးရန် | ၈၇ | ၃ | - | |

| | | | | | |
|---|---|---|---|---|---|
| | | | | - | |
| | | | | | – |
| ***ရေမြောင်း*** | ၄။ စံချိန်စံညွှန်းနှင့်ညီသော ရေမြောင်းများတည်ဆောက်ပေး ရန် | ၈၆ | ၄ | | ကျေးလက် ဦးစီး |
| | ၅။ အသက်မွေးဝမ်းကျောင်း သင်တန်းများပို့ချပေးရန် အမျိုးသမီးသီးသန့် အသက်မွေး ဝမ်းကျောင်းသင်တန်းဖွင့်လှစ် ပေးရန် | ၈၁ | ၅ | | |
| **ကျန်းမာရေး** | ၆။ ကာကွယ်ရေးနှင့်ကုသရေးများ ဆောင်ရွက်လမ်းညွှန်ပေးရန် | ၇၉ | ၆ | - | – |
| ***စိုက်ပျိုးရေး*** | ၇။ မျိုးကောင်းမျိုးသန့် အရည်အသွေး ကောင်းမွန်သော ဓါတ်မြေဩဇာနှင့် နည်းပညာရရှိရန် | ၇၈ | ၇ | - | |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
| ၁။ ကျေးရွာချင်းဆက်ချောင်းကူး တံတားတည်ဆောက်ပေးရန်<br>-ရွာတွင်းလမ်းကွန်ကရစ်လမ်း ဆောင်ရွက်ပေးရန်<br>-ကုန်ထုတ်လမ်းအားကျောက် ချောလမ်းခင်းပေးရန် | ၁ | —— | —— | | | |
| ၂။ ကျန်းမာရေးဆေးပေးခန်း ဆောက်လုပ်ပေးရန် | ၂ | —— | —— | —— | | |
| ၃။ ဆောက်လုပ်ဆဲကျောင်းဆောင် အပြီးသတ်ဆောင်ရွက်ပေးရန် | ၃ | —— | —— | —— | | |
| ၄။ စံချိန်စံညွှန်းနှင့်ညီသော ရေမြောင်းများတည်ဆောက်ပေး ရန် | ၄ | —— | —— | | | |
| ၅။ အသက်မွေးဝမ်းကျောင်း သင်တန်းများပို့ချပေးရန် အမျိုးသမီးသီးသန့် အသက်မွေး | ၅ | —— | —— | —— | | |
| ၆။ ကာကွယ်ရေးနှင့်ကုသရေးများ ဆောင်ရွက်လမ်းညွှန်ပေးရန် | ၆ | | —— | —— | | |
| ၇။ မျိုးကောင်းမျိုးသန့် အရည်အသွေး ကောင်းမွန်သော ဓါတ်မြေဩဇာနှင့် နည်းပညာရရှိရန် | ၇ | —— | —— | | | |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာချင်းဆက်ချောင်းကူး တံတားတည်ဆောက်ပေးရန်<br>-ရွာတွင်းလမ်းကွန်ကရစ်လမ်း ဆောင်ရွက်ပေးရန်<br>-ကုန်ထုတ်လမ်းအားကျောက် ချောလမ်းခင်းပေးရန် | | | √ | | |
| ၂ | ကျန်းမာရေးဆေးပေးခန်း ဆောက်လုပ်ပေးရန် | | | √ | | |
| ၃ | ဆောက်လုပ်ဆဲကျောင်းဆောင် အပြီးသတ်ဆောင်ရွက်ပေးရန် | | | √ | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၄ | စံချိန်စံညွှန်းနှင့်ညီသော ရေမြောင်းများတည်ဆောက်ပေး ရန် | | | √ | | |
| ၅ | အသက်မွေးဝမ်းကျောင်း သင်တန်းများပို့ချပေးရန် အမျိုးသမီးသီးသန့် အသက်မွေး | | | | √ | |
| ၆ | ကာကွယ်ရေးနှင့်ကုသရေးများ ဆောင်ရွက်လမ်းညွှန်ပေးရန် | | | | √ | |
| ၇ | မျိုးကောင်းမျိုးသန့် အရည်အသွေး ကောင်းမွန်သော ဓါတ်မြေဩဇာနှင့် နည်းပညာရရှိရန် | | | | √ | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး

တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန်**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

**(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး

အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

### (၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်;ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဥ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာမ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက် အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**နောက်ဆက်တွဲ ၁**

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏% |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၁၄ | ၁၄ | ၂၈ | ၂ |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၄၆ | ၅၇ | ၁၀၃ | ၇ |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၅၈ | ၄၉ | ၁၀၇ | ၇ |
| ၉ နှစ်အထက်မှ ၁၄နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၉၀ | ၈၁ | ၁၇၁ | ၁၂ |
| ၁၄ နှစ်အထက်မှ ၆၀နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၇၂ | ၄၆၇ | ၉၃၉ | ၆၆ |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၄ | ၆၁ | ၈၅ | ၆ |
| **စုစုပေါင်း လူဦးရေ** | | **၇၀၄** | **၇၂၉** | **၁၄၃၃** | **၁၀၀** |
| **စုစုပေါင်း အိမ်ထောင်စု - ၂၅၅** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၅** | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာတွင် နို့စို့ကလေး ၂၈ယောက်ရှိသည်။၅နှစ်အောက်ကလေးငယ် ၁၀၃ယောက်ရှိသည်။ ကျေးရွာတွင်နို့စို့ကလေးအရွယ်မှ၅နှစ်အောက်ကလေးငယ်များကိုလစဉ်ဆေးတိုက်ကျွေးမှု ရှိသည်။ ကာကွယ်ဆေးကိုကျေးလက်ကျန်းမာရေးဌာနမှလာရောက်ပြီးကာကွယ်ဆေးထိုးပေးသည်။ကျောင်းနေသောမူလတန်းအရွယ် ၁၀၇ဦး၊အလယ်တန်းအရွယ်မှာ၁၇၁ဦးရှိပြီး ရွာတွင် အလုပ်လုပ်နိုင်သည့် အရွယ်မှာ ၉၃၉ဦး အလွန်များသည်။အလုပ်အကိုင်ရှားသည်။ တောင်သူလယ်သမားအလုပ်ကို အဓိကလုပ်ကိုင်ကြသည်။ လယ်သမားလုပ်ငန်းများကို ရာသီချိန်ကာလနှင့်အညီလုပ်ကိုင်ကြသည်။ လယ်ယာလုပ်ငန်းအချိန်ကာလကုန်လျှင် မော်ထဲ တာမခံ၊ဖားကန့်၊ တနိုင်း၊မြစ်ဆုံအစရှိသည့် ဝေးလံခေါင်သီသော အရပ်ဒေသသို့ သွားရောက်ပြီး ဝမ်းစာဖူလုံမှုရှိရန် စီးပွားရှာသွားလာလုပ်ကိုင်ရသည်။

သက်ကြီးရွယ်အို ၈၅ဦးရှိပြီး ကူညီမှု စောင့်ရှောက်မှုများအားနည်းနေပါသည်။ ကျေးရွာတွင် လူမှုကူညီရေး

အသင်းများရှိသော်လည်း သက်ကြီးဘိုးဘွားများကူညီရေးအသင်းမရှိပါ။ နာရေးကူညီရေးများရှိသော်လည်း သန့်ရှင်းရေးကူညီမှုအသင်းများမရှိပါ။

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၃၂ | | ၁၆၃ | ၅၂ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂၀ | | ၁ | | လယ်အငှားလုပ်ကိုင်သူ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | | | ၇ | ရွှေတူး၊ ကျောက်တူး |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | | | ဆီစက် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂ | | - | ၁ | မုန့်လုပ်ငန်း၊ ဆန်စက် |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | - | - | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင် သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစု ဝင်လုပ် အား | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | | | ၃ | လက်သမား |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | ၁ | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | ၁ | ကျူရှင် |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | | | ၅ | ဈေးရောင်း၊စာရေး |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | | | ၁ | ကားမောင်း |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | ၁ | ပွဲစား(အိမ်) |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | | | ၁ | စစ်ဗိုလ် |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂ | | - | - | ဆရာမ |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | ၁ | သားဖွား |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | - | | | - | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၇၇ | | | ၁၃ | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | | | - | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | **စုစုပေါင်း** | **၂၅၅** | **-** | **၁၆၄** | **၈၇** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဝင်ငွေရလုပ်ငန်းအမျိုးအစားမှာ လယ်ယာကိုသာ အဓိကထားသည့်

အတွက် လယ်ယာမြေအခင်းများကိုသာ အဓိကဝင်ငွေအဖြစ် သတ်မှတ်နိုင်သည်။လယ်သမား၊ပန်းရံ အလုပ်ဖြင့် အသက်မွေးသူ အနည်းငယ်သာရှိသည်။တခြား ဝင်ငွေရ အလုပ်လုပ်ကိုင်သူ နည်းသည်။ တပိုင်တနိုင်စျေးဆိုင်များ ဖွင့်ထားသည်များရှိသည်။ဆိုင်ကယ်ဝပ်ရှော့များ ကြီးကြီးမားမားမရှိပါ။

## (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၀၀၀ | စပါးစိုက်ချိန်မိုးတွင်းကာလ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | - | - | - | - | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၀၀၀ | ပွင့်လင်းရာသီကာလ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၃၀၀၀ | ၁၅၀၀ | ၂၀၀၀ | ၁၀၀၀ | စပါးစက်၊ကုန်တင်ကုန်ချ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၅၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၁၀၀၀ | လုပ်ငန်းကျွမ်းကျင်သူ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၅၀၀၀ | ၂၀၀၀ | ၂၀၀၀ | ၁၀၀၀ | ဝပ်ရှော့လုပ်ငန်းကျွမ်းကျင်သူ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | ၃၀၀၀ | ၂၀၀၀ | ၁၅၀၀ | ၁၀၀၀ | အပ်ချုပ်စက်ကျွမ်းကျင်သူ |
| ၁၀ | ဟိုတယ်နှင့် စားသောက် | နေ့စား | - | - | - | - | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| | ဆိုင်လုပ်ငန်း | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ လခစားအလုပ်သမားများ၏ တစ်ရက်ဝင်ငွေမှာ အများဆုံး ငါးထောင်ကျပ်ဖြစ်ပြီး အနည်းဆုံး(၁၀၀၀)ကျပ်ဖြစ်သည်။ ကျေးရွာဒေသအလိုက် အလုပ်လုပ်ချိန်များမှာ သတ်မှတ်ချိန်မတူညီကြပါ။ နံနက် ၈နာရီမှစတင်ပြီးညနေ၄နာရီအချိန်အတွင်း လုပ်အားခကိုသတ်မှတ်ထားသည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၁၀၀၃ | ညံ့ | မရ | မိုးရေ |
| ယာမြေ /တောင်ယာ | ၁၀၀ | ညံ့ | မရ | |
| ဥယျာဉ်ခြံမြေ | ၁၀၀ | သင့် | မရ | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | | | | |
| ရွှေ့ပြောင်းတောင်ယာ မြေ | - | | | |
| ကိုင်း/ကျွန်းမြေ | - | | | |
| စားကျက်မြေ | ၅ | | | |
| ပလပ်မြေ | - | | | |
| အခြား | - | | | |
| **စုစုပေါင်း** | **၁၂၀၈** | | | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**မှတ်ချက်**။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ အိမ်ထောင်စုစာရင်းများကောက်ယူမှုအရ ကျေးရွာတွင်လယ်သမားဦးရေပေါင်း

၁၃၃ဦးရှိပြီး လယ်မြေပိုင်ဆိုင်မှုဧက(၁၀၀၃) ဧကရှိသည်။ လယ်မြေအမျိုးအစားမြေဆီလွှာအရည်အသွေးမှာ အလွန် မှ ညံ့ဖျင်းပါသည်။ ဓာတ်မြေဩဇာကိုအလွန်အကျွံသုံးစွဲခြင်းကြောင့် မြေဆီလွှာများပျက်ဆီးနေပါသည်။ ဓါတ်မြေဩဇာကို သုံးမှသာ သီးနှံများအထွက်တိုးပါသည်။ ဓါတ်မြေဩဇာမသုံးနိုင်သော လယ်သမားများမှာ သီးနှံ အထွက်နှုန်း လျော့သည်။ စိုက်ပျိုးရန်ရေမှာ သဘာဝမိုးရေကိုသာ အားထားရသည်။ ဆည်၊မြစ်၊ရေတင်၊ စိမ့်စမ်းရေ၊ မြေအောက်ရေများ (လုံး၀)မရပါ။

## (၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာ၀ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာ၀ ရင်းမြစ်များ

| **အမျိုးအစား** | **ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)** | **လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)** |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမှီ |
| အခြား ရင်းမြစ်များ | | |
| **အခြားသဘာ၀ရင်းမြစ်** | | |
| သဘာ၀တိရစ္ဆာန်မျိုးစိတ်များ | မရှိ | လက်လှမ်းမမှီ |
| သဘာ၀အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | နည်း | ခက် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာတွင် ဓါတ်သတ္တုရရှိနိုင်မှုမရှိပါ။ အခြားသဘာ၀ရင်းမြစ်များ မှာသစ်တော၊ဝါးတောများရှိသည်။ စည်းကမ်းမဲ့ခုတ်ယူနေမှုများကြောင့် သစ်တောများ ဝါးတောများပြုန်း တီးနေပါပြီ။

တိရိစ္ဆာန်မျိုးစိမ်များမှာ မရှိသလောက်ရှားပါးနေပါသည်။ သဘာ၀ဆေးဘက်ဝင်အပင်များ လည်း အနည်းငယ်ရှိသည်ဟု သက်ကြီးဘိုးဘွားများပြောကြားချက်နှင့်သိရှိရပါသည်။ယခုအချိန်ခါတွင် သိသူကနည်းပြီး မသိသောသူများက အလွန်များသည်။ နောင်အချိန်ကာလကြာမြင့်လာပါက ဆေးဘက် ဝင်အပင်များပျောက်ကွယ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် တောမီးများရှို့ခြင်းတောများပြုန်းတီးမှု ကြောင့်ဖြစ်နိုင်သည်။

## (၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၈ကေမှ၁၀ကေထိ | ၅ကေမှ၈ကေထိ | ၃ကေမှ၅ကေထိ | မရှိ |
| အိမ်အခြေအနေ | သွပ်၊အုတ် | ပျဉ်၊သွပ် | ထရံကာ/သွပ်မိုး | သက်ကယ်မိုး၊ထရံကာ |
| လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု | လက်တွန်းထွန်စက် | နွားလှည်း | - | - |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | သုံးဘီး | ထော်လာဂျီ | ဆိုင်ကယ် | စက်ဘီး |
| အဓိကစီးပွားရေး လုပ်ငန်း | စပါး၊ပဲအမျိုးမျိုး စိုက်ခြင်း | ဟင်းသီးဟင်းရွက် စိုက်/ရောင်း | နေ့စားလုပ်ငန်း | ကျပန်း |
| အိမ်ထောင်စု - | | | | |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ လယ်သမားအိမ်ထောင်စုပေါင်း ၁၃၃အိမ်ထောင်စုရှိသော်လည်း စက်ကိရိယာ လယ်ယာသုံးပစ္စည်းပိုင်ဆိုင်မှုဦးရေမှာ(၆၅)အိမ်သာရှိသည်။ အဆင်ပြေသောအိမ်ထောင်စုမှာ တစ်ရွာလုံး၏ ၁၀ပုံ၁ပုံသာရှိသည်။ လယ်သမားအများစုမှာလည်း စိုက်ပျိုးရေးစရိတ်ကို ချေးငှားပြီး စိုက်ပျိုးရ၍ ကြွေးမရှိသော လယ်သမားဆိုပြီး၁ဦးမျှမရှိပါ။ အိမ်တိုင်းမှာအကြွေးရှိကြပါသည်။ အိမ်အခြေအနေဆောက်လုပ်ထားခြင်းမှာ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်းသောအိမ်မှာ အနည်းငယ်မျှသာရှိသည်။ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ ဝါးထရံ များကိုသာ အများဆုံးဆောက်လုပ်ထားပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **အိမ်ထောင်စု %** | **ဖြေရှင်းသည့်နည်းဗျူဟာ** |
|---|---|---|---|
| ၃ လအောက် | ၅၀ | % | ဆွေးမျိုးများထံမှ ချေးငှားသည်။ |
| ၃ လနှင့် ၅ လ အထိ | ၈၀ | % | မိတ်ဆွေများထံမှ ချေးငှားသည်။ |
| ၆လ မှ ၁၂ လ အထိ | ၈၀ | | အစိုးရဘဏ်မှစိုက်ပျိုးစရိတ်ချေးငှားသည်။ |

ရင်းမြစ် .. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည်မှာ အိမ်တိုင်းစားနိုင်ပါသည်။သို့သော စားသောက်မှုအတွက်လုံလောက်သော်လည်း ကျေးရွာတွင် သာမှုနာမှု၊ ကျောင်းကြေး၊ ကျောင်းစာသင်စရိတ်၊ ကျန်းမာရေးစရိတ်များအကြောင်း အမျိုးမျိုးပေါ်ပေါက်လာပါက အတိုးချေးပေးနိုင်သည့်နေရာ အမျိုးမျိုးတွင် သွားရောက်ချေးငှားကြရသည်။ အတိုးပေါ်အတိုးဆင့်ပြီး မဆပ်နိုင်ကြပါ။ ထို့ကြောင့် ကျေးရွာအရောက် အတိုးနှုန်းသက်သာသော ငွေကြေးဝန်ဆောင်မှုများ လိုအပ်ပါသည်။

## (၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | ၁၅ | ၁၀ | ၂၅ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၈၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၅၅ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။။** ကျွန်ုပ်တို့ကျေးရွာတွင် အသက်၆၀နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများမှာ ကျား ၂၄ဦး၊ မ ၆၁ဦးစုစုပေါင်း ၈၅ဦးရှိသည်။ မိသားစုစောင့်ရှောက်မှုဆိုသည်မှာ နေ့စဉ်ထမင်းစားရန်အတွက် ခက်ခဲမှုမရှိသော်လည်း၊ ကျန်းမာရေးနှင့် ကာကွယ်စောင့်ရှောက်မှုမှာ အထူးလိုအပ်ပါသည်။ အသက်ကြီးသူများမှာ သွက်ချာပါဒ၊ သွေးတိုး၊လေဖြတ်၊ဆီးချို၊ သွေးချို၊ မျက်စိအားနည်းမှုဖြစ်မှုများ ရာသီ ဥတုပေါ်မူတည်ပြီး ရောဂါအမျိုးမျိုးဖြစ်တတ်ကြသည်။ ရောဂါများမဖြစ်အောင် ကြိုတင်ကာကွယ်စောင့် ရှောက်မှုများ အထူးလိုအပ်ပါသည်။ ကလေးငယ်များကို ကာကွယ်ဆေးထိုးပေးသလို လူကြီးများကိုလည်း ကာကွယ်ဆေးတိုက်ကျွေးရန် လိုအပ်ပါသည်။။

## (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် | ကျပန်းနေ့စားလုပ်ကိုင်သူများခြင်း |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နီမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | မြင့် | စိုက်ပျိုးရန်မြေလုံလောက်မှုမရှိခြင်း |
| ၃ | ရေကြီးခြင်း | လတ် | မြစ်ချောင်းများနှင့်နီးခြင်း |
| ၄ | မိုးခေါင်ခြင်း | နိမ့် | |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | တစ်ခါတစ်ရံဆောင်းရာသီတွင်ဖြစ်တတ်သည်။ |
| ၆ | မုန်တိုင်း | နိမ့် | တပေါင်းတန်ခူးတွင်ဖြစ်တတ်သည်။ |
| ၇ | လျှော် | နိမ့် | |
| ၈ | မီးဘေး | နိမ့် | နွေရာသီတွင်ဖြစ်တတ်သည်။ |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | လတ် | မြစ်ချောင်းများနှင့်နီးကပ်သောအိမ်များ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | သစ်အလွန်အကျွံခုတ်ခြင်း |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် | တော၊တောင်ချုံနွယ်များခြင်း၊ ချောင်းရေသောက်ခြင်း |
| ၁၃ | တီဘီရောဂါ | လတ် | ကလေး၊လူကြီးအဖြစ်များသည်။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | လတ် | မူးယစ်ဆေးသုံး၊လိင်ဆက်ဆံမှုကြောင့် |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် | စစ်ဖြစ်ခြင်း၊ငြိမ်းချမ်းရေးမရခြင်း |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | လတ် | နွား၊ခွာနာလျှာနာများကူးစက်ခြင်း |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | အလုပ်လက်မဲ့များခြင်း |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | မြင့် | မော်ထဲသွားလမ်းပျက်ခြင်း |
| ၁၉ | အခြား | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စားနပ်ရိက္ခာဖူလုံမှုမှာ ခက်ခက်ခဲခဲရုန်းကန်လုပ်ကိုင်ကြရပါသည်။ စားသောက်မှုအတွက်လုံလောက်နိုင်သော်လည်း ကျန်းမာရေးမကောင်းဖြစ်လျှင်ငင်းကျေးရွာတွင် သာရေးနာရေး၊ ဘာသာရေးအတွက် ခွဲကြေးခွဲတန်းချလာပါက အခက်အခဲများကြုံလျှင်ချေးငှား၊ နောင်ဘေးစပါးရောင်းချပြီးငင်း အိမ်ခြံမြေလက်ဝတ်ရတနာအစရှိသည့် ပစ္စည်းများပေါင်နှံမှုဖြင့် အသုံးပြုကြရသည်။ အိမ်တိုင်းမှာကျောင်းသူ၊ ကျောင်းသားကလေးများရှိသည့်အတွက် ကျောင်းနေစရိတ်

ရှိသော်လည်း ကျူရှင်စရိတ်မှာမရှိကြပါ၊ မိဘတိုင်းကျူရှင်ကိုပေးရသော ငွေကြေးပြဿနာများလည်း ကြုံတွေ့နေရပါသည်။

## (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | မူးယစ်ဆေးများသုံးစွဲသူများနေခြင်း |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | အမျိုးသမီးများလုပ်ခလစာနည်းခြင်း |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | လတ် | ကျပန်းအလုပ် လုပ်ခနည်းဖြင်း |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် | ကူးစက်ရောဂါများမှာငွေကြေးဆင်းရဲ၍ ဆေးရုံများတွင် ဆေးကုသမှုနည်းခြင်း၊ဆေးရုံ၊ဆေးခန်းများမရှိခြင်း |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | မြစ်မရှိ၊ချောင်းရှိသည်။ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | တော၊တောင်၊ချောင်းကမ်းပါးမှာ နေထိုင်သူနည်းခြင်း |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | နိမ့် | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် | ကျေးရွာသည်တောင်ကုန်းအနီးငယ်ရှိခြင်း |
| ၉ | ငါးကန်ပိုင်ရှင် | - | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | လယ်မြေပိုင်ဆိုင်သူနည်းခြင်း |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | ရှမ်း၊ဗမာများဆုံးနေထိုင်ခြင်း |
| ၁၂ | ဒေသတွင်းပဋိပက္ခရေိယာတွင် နေထိုင်သူများ | နိမ့် | စစ်ဖြစ်ရာဒေသနှင့်ဝေးခြင်း |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | နယ်စပ်ဒေသတရုတ်ပြည်နှင့်ဝေးခြင်း |
| ၁၄ | ရွှေတွင်းလုပ်သား | မြင့် | ဖားကန့်၊မော်ထဲသွားလာခြင်း |
| ၁၅ | ဆေးစွဲသူများ | မြင့် | လူငယ်အများဆုံးရောင်းသူပေါ်များခြင်း၊အလွယ်တကူရဝယ်နိုင်ခြင်း |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော | မြင့် | မူးယစ်ဆေးကြောင့် |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | သူများ | | |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မြင့် | ဟင်းသီးဟင်းရွက်၊သစ်သီးဝလံများ ရောင်းချခြင်း |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် | ရာသီခွင်အလိုက်သွားရောက်လုပ်ကိုင်သည်။ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် | ကျေးရွာတွင် အတည်တကျနေထိုင်မှုနည်းခြင်း |
| ၂၀ | ကားသမား | နိမ့် | ကားမောင်းတတ်သူနည်းခြင်း |
| ၂၁ | အခြား | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာတွင် ယနေ့ခေတ်လူငယ်များသည် ပညာရေးကို ဒါသင်၊ဒါသိ၊ ဒါကျက်၊ဒါရေးစနစ်ဖြင့် ကြီးပြင်းခဲ့ရ၍ ကိုယ်ပိုင်ထိုးထွင်းအသိဉာဏ်ပညာများ အလွန်နည်းနေပါသည်။ ပတ်ဝန်းကျင်တွင် မူးယစ်ဆေးကို လွယ်လင့်တကူရယူသုံးစွဲနေနိုင်ကြ၍ လမ်းမှားပြီး ဘဝပျက်သူများကြ သည်။အရွယ်ရောက်သူများ အိမ်ထောင်ကျပြီး သားတကွဲမယားတကွဲ ဖြစ်ရသည်မှာလည်း မူးယစ်ဆေး ကြောင့်ဖြစ်သည်။ ထို့ကြောင့် ကျေးရွာတွင် အမျိုးသမီး၊ တစ်ခုလပ်၊ မုဆိုးမ ဦးဆောင်သော အိမ်ထောင်စုများလည်းရှိသည်။ အလုပ်လုပ်ကိုင်ရာတွင် ခွန်အားဖြင့် အလုပ်လုပ်ကိုင်ရာမှာ အမျိုးသားများလို အလုပ်ကိုင်နိုင်ကြပါ။ အမျိုးသမီးများ၏ လုပ်ခလစာမှာ အလွန်နည်းပါသည်။ မိသားစုဘဝ လုံခြုံပြီး ဝမ်းစာရှာဖွေရာမှာ ခက်ခဲပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ဂေါပကအဖွဲ့ | ၃ | ၁၅ | - | ၁၅ | ဘာသာရေးအလှူငွေရှာဖွေခြင်း | ၄ | ၆ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၂ | ဓမ္မစကူးလ်အဖွဲ့ | ၃ | ၇ | ၁၀ | ၁၇ | ဘာသာရေးအလှူ ငွေရှာဖွေခြင်း | ၄ | ၇ |
| ၃ | မေတ္တာလူငယ် | ၂ | ၁၅ | ၁၅ | ၃၀ | ကျန်းမာရေး | ၄ | ၆ |
| ၄ | ပွင့်သစ်စ | ၂ | ၅၀ | ၅၀ | ၁၀၀ | ဘာသာရေးအတွ က်ကူညီခြင်း | ၄ | ၆ |
| ၅ | အပျို/လူပျို | ၂ | ၁၀၀ | ၁၅၀ | ၂၅၀ | လူမှုရေး | ၄ | ၆ |
| ၆ | ထမင်းချက်/ ဟင်းချက် | ၂ | - | ၃၀ | ၃၀ | လူမှုရေး | ၄ | ၆ |
| ၇ | | | | | | | | |
| ၈ | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ရပ်ရွာတွင် အသင်းအဖွဲ့ပေါင်း (၆)ဖွဲ့ရှိသည်။ ဘာသာရေးအသင်းသားအဖွဲ့ လူမှုရေး အသင်းအဖွဲ့များနှင့် အခြားပရိဘောဂအသင်းများလည်းရှိသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်မှုရှိသည်။ အဖွဲ့တိုင်း သည်ရန်ပုံငွေနှင့်လုံလောက်အောင်သုံးစွဲနေကြရသည်။ ရန်ပုံငွေရှာဖွေရာတွင် လယ်သမားအများစုကပင် ထည့်ဝင်ကြသည်။

### (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမရှိပါ။

## (၂.၂) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင် စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၁၃ | ၄၄ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၄ | ၂ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၅၉ | ၂၃ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၆၃ | ၂၅ | အလယ်အလတ်စား တောင်သူ |

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၅ | ၁၂.၅ ဧက အထက် | ၁၆ | ၆ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၂၅၅** | **၁၀၀** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၅၅)အိမ်ရှိပြီး မြေယာမဲ့အိမ်ထောင်စုပေါင်းမှာ (၁၁၃)အိမ်ရှိသည်။ အဆင်ပြေသော အိမ်ထောင်စုမှာ အနည်းငယ်ရှိသည်။ လယ်ယာမြေတို့ကို လုပ်ကိုင်စားသောက်၍ အကြွေးတင်မှုရှိကြသည်။

## (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | အစိုးရ | မရှိ | မရှိ | မရှိ |
| ၂ | ရေလွှဲဆည် | - | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | - | | | |
| ၄ | အဝီစိတွင်း | - | | | |
| ၅ | လက်ငင် ရေတွင်း | - | | | |
| ၆ | စိမ့်စမ်းရေ | - | | | |
| ၇ | ချောင်းရေ | | | | |
| ၈ | အခြား | - | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးအတွက် မိုးရေကိုသာအဓိကအားထားလုပ်ကိုင်ကြရသည်။ မိုးခေါင်ပါက ရေပြဿနာများနှင့်ကြုံတွေ့ရသည်။ လယ်ယာမြေများတွင် ရေရရှိရေးအတွက် မြေအောက်ရေရရှိရန်အတွက် ဆည်မြောင်းဦးစီးဌာနနှင့် လယ်ယာမြေဦးစီးဌာနမှ ကွင်းဆင်းလေ့လာ၍ လယ်ယာမြေသို့ ရေရရှိရေးအတွက်ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| စပါး | ၁၀၀၃ | တင်း | ၆၀ | ၁၁၀ | ၈၀ | ဝါဆို | ဝါခေါင် | နိမ့် | နိမ့် | |
| မြေပဲ | ၁၀၀ | တင်း | ၄၀ | ၆၀ | ၄၀ | ပြာသို | တပို့တွဲ | နိမ့် | နိမ့် | |
| ပဲပုတ် | ၁၀၀ | တင်း | ၁၀ | ၁၅ | ၁၀ | ပြာသို | တပို့တွဲ | နိမ့် | နိမ့် | |
| | | | | | | | | | | |
| | | | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာတွင် မြေယာစိုက်ပျိုးရေးဧကမှာ ၁၀၀၃ဧကရှိပြီး စပါးအတွက်နှုန်းမှာအနည်းဆုံး (၆၀)တင်း၊အများဆုံး(၁၁၀)ထွက်ရှိပြီး ပျမ်းမျှအားဖြင့်(၈၀)ထွက်သည်။ မြေပဲစိုက်ဧကမှာ(၁၀၀)ဧကရှိပြီး အနည်းဆုံး(၄၀)၊အများဆုံး(၆၀)တင်းထွက်ရှိပြီး ပျမ်းမျှအားဖြင့်(၄၀) ထွက်သည်။ ပဲပုတ်စိုက်ဧကမှာ(၁၀၀)ရှိပြီး အနည်းဆုံး(၁၀)ထွက်ရှိပြီး၊ အများဆုံး(၁၅)ထွက်ရှိသည်။ ပျမ်းမျှအားဖြင့် (၁၀)ထွက်ရှိသည်။ စပါး၊မြေပဲနှင့်ပဲပုတ်သီးနှံများသည် ဓါတ်မြေဩဇာကို အလွန်အကျွံ သုံးစွဲမှသာလျှင် အထွက်နှုန်းတိုးသည်။စိုက်ပျိုးရန်အတွက် လယ်ယာမြေရှိသော်လည်း ရေလုံလောက်မှု မရှိပါ။ စိုက်ပျိုးရန်အတွက် မျိုးကောင်းမျိုးသန့်များလည်း လိုအပ်ပါသည်။

## (၂.၂.၁.၄)လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | ၁ | မရှိ | မရှိ | မရှိ | မရှိ | ၇၄ | |

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာ ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| လက်တွန်းထွန်စက် | ၆၅ | - | - | - | - | | |
| အစေ့ချ ကိရိယာ | - | | | | | - | |
| ရိတ်သိမ်းခြွေလှေ့စက် | - | | | | | ၁၃၃ | |
| ရိတ်သိမ်းစက် | ၁ | | | | | - | |
| ခြွေလှေ့စက် | ၈ | - | - | - | - | - | |
| ရေစုပ်စက် | | - | - | - | - | - | |
| ခြေနင်းရေတင်စက် | - | | | | | | |
| မြက်ရိတ်စက် | | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်လယ်သမားဦးရေပေါင်းမှာ(၁၃၃)အိမ်ထောင်စုရှိပြီး စက်ကိရိယာပိုင်ဆိုင်မှုအရေအတွက်မှာ (၆၅)ဦးရှိပြီး လယ်သမားအများစုသည် ငှားရမ်း၍ အသုံးပြုကြရသည်။ လယ်သမားကိုယ်ပိုင်ရရှိရေးအတွက် လယ်ယာသုံးစက်ကိရိယာများကို ကျေးရွာရှိ လယ်သမားများထံသို့ အရစ်ကျဝယ်ယူသုံးစွဲနိုင်ရန် နိုင်ငံတော်အစိုးရမှ ပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

**(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီသြဇာ) | စိုက်ပျိုးမြေမှာလယ်မြေဖြစ်ပြီး မြေဆီသြဇာမှာ နွားချေးဖြစ်သည်။ |
| ရေရင်းမြစ် | သဘာဝမိုးရေကိုသာ အားထားရခြင်း |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | အမှိုက်၊ဖွဲ့ခွံ၊နွားချေး |
| အော်ဂဲနစ်/ဓာတု ပိုးသတ်ဆေး | ပိုးသတ်ဆေးများကို လယ်သမားအများစုသုံးသည်။ |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | အစိုးရဘဏ်တွင်စိုက်ပျိုးရေးစရိတ်ကို မိုးညှင်းမြို့တွင်ထုတ်ရသည်။ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု | နည်းပညာမရှိ၊ရှေးသမရိုးကျစိုက်ပျိုးသည်။ |

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| များ | |
| သွင်းအားစုဈေးကွက် | ဈေးကွက်ကိုသတ်မှတ်ထားခြင်းမရှိပါ |
| ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု | လယ်မြေများသို့ပွဲစားများလာရောက်ဝယ်ယူသည်။ |
| အခြား | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာတွင် မိုးတွင်းကာလမှာ လယ်မြေတွင်စပါးစိုက်ပြီး ဆောင်းတွင်းကာလရောက်လျှင် စပါးသိမ်းပြီးသည်နှင့် လယ်မြေအချို့(ဧက ၁၀၀)နီးပါးမှာ မြေပဲ၊ ပဲပုတ်စသည့် ဟင်းသီးဟင်းရွက်များကို တနိုင်တပိုင်စိုက်ပျိုးကြသည်။ သဘာဝမြေသြဇာနိုင်နိုင်မရရှိ၍ ဓါတုမြေသြဇာကိုသာ သုံးစွဲကြသည်။ နည်းပညာများကိုလည်း ကျေးရွာအရောက်လာပြီးသင်ကြားသည့် သင်တန်းမရှိပါ။ ရှေးယခင်က စိုက်ပျိုးသည့် မိရိုးဖလာနည်းစနစ်ကိုသာ အသုံးပြုစိုက်ပျိုးကြသည်။ သီးနှံများစိုက်ပျိုးနိုင်ရန် ရေရရှိမှုမှာ ခက်ခဲသည်။ သဘာဝမိုးရွာမှ သီးနှံပင်များရေရသည်။ မိုးခေါင်လျှင် ရေမရ၍ သီးနှံများအထွက်နှုန်းနည်းပြီး လယ်သမားများအရှုံးပေါ်သည်။ တောင်သူလယ်သမားများထံမှ ထွက်ရှိသော ဆန်စပါးပဲအမျိုးမျိုးမှာ ဈေးကွက်ကိုသတ်မှတ်ထားခြင်းမရှိ၍ ပွဲစားများ၊ကုန်သည်ကြီး များဝယ်သည့်ဈေးနှုန်းဖြင့်သာ ရောင်းချကြရသည်။

## (၂.၂.၁.၆)သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | မရှိပါ။ရွာအနီးတွင်တောတောင်တန်းများရှိသည်။ |
| မြေဆီသြဇာ အခြေအနေ | ညံ့သည်။ဓါတ်မြေသြဇာအလွန်အကျွံသုံးကြသည်။ |
| ငွေကြေးအရင်းအနှီးရရှိနိုင်မှု | မရှိပါ။ပုဂ္ဂလိကများထံတွင် အတိုးနှုန်းကြီးကြီးချေးရသည်။ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | အသုံးမချနိုင်ပါ။ စိုက်ပျိုးချိန်အမီ ချေးပေးရန်လိုသည်။ |
| လုပ်သားရှားပါးမှု (ကျွမ်းကျင်သူ/ မကျွမ်းကျင်သူ) | လုပ်သားရှားသည်။ကျေးရွာတွင်ဖိုးသမားပေါသည်။ |
| ရေရင်းမြစ်များ ရရှိနိုင်မှု | မရရှိပါ။ မြေအောက်ရေရရှိနိုင်ရန်လိုအပ်သည်။ |
| စိုက်ပျိုးရေမလုံလောက်မှု | ဆည်မြောင်းများမရှိခြင်း |
| ဖျက်ပိုးနှင့် ရောဂါ | ဆေးဝါးများမသုံးတတ်ခြင်း |

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| ဈေးကွက် လက်လှမ်းမီမှု | မိုးညှင်း၊ဟိုပင်နီးသည်၊ဈေးကွက်သတ်မှတ်မှုမရှိ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာများမရနိုင်၊ ကူညီမည့်သူရွာသို့မရောက်ပါ။ |
| အခြား | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရန်အတွက် မြေနေရာတိုးချဲ့ရန်လည်း မရရှိနိုင်တော့ပါ။ ရွာပတ်ဝန်းကျင် အနီးနားတွင် တောင်တန်းကြီးရှိပါသည်။ ငွေကြေးအရင်းအနှီးမှာလည်းမရှိပါ။ ကျေးရွာသို့အရောက်ငွေကြေး ချေးငှားမည့်သူလည်းမရှိပါ။ စိုက်ပျိုးရေးလုပ်ကိုင်ရာတွင်လုပ်သားများ ရနိုင်သော်လည်း လုပ်ငန်းကျွမ်းကျင်သူ နည်းပါးသည်။ အဘယ်ကြောင့်ဆိုသော်ကျေးရွာရှိ လူငယ်လေးများသည် ဖိုးသမားများ ဖြစ်နေခြင်းကြောင့် အလုပ်သမားရှားသည်။

### (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၁၇၀ | ၈၇၁ | လယ်သမားအများစုမှာ ခိုင်းနွားကိုအသုံးပြုသည်။ |
| နို့စားနွား | | | |
| မြင်း | | | |
| ကျွဲ | ၂ | ၁၆ | ချောင်းမြောင်းရေကန်မရှိ၍ ကျွဲအသုံးပြုသူ နည်းသည်။ |
| မြည်း | | | |
| လား | | | |
| ဆိတ် | | | |
| သိုး | | | |
| ဝက် | ၈၂ | ၂၀၄ | ဝက်ကိုစီးပွားဖြစ်မွေးမြူသူမရှိပါ ။ |
| ကြက် | ၁၇၀ | ၁၅၃၆ | အိမ်ဟင်းစားအဖြစ်မွေးမြူသည် ။ |
| ဘဲ | ၂ | ၁၁ | အိမ်ဟင်းစားအဖြစ်မွေးမြူသည် ။ |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| နွားနောက် | - | | |
| အခြား | - | | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | | | |
| ပုဇွန်ကန် | - | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | | |
| ရေချို ငါးဖမ်းလုပ်ငန်း | - | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | | |
| အခြား | - | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာဒေသတွင်လယ်သမားအများစုသည် လယ်ယာလုပ်ငန်းခွင် နွေမိုးဆောင်း သုံးရာသီစလုံး ခိုင်းနွားကိုသာအများဆုံးအသုံးပြုကြသည်။ ဝက်၊ကြက်၊ဘဲ၊အိမ်များတွင် တနိုင်တပိုင်မွေးမြူပြီး ဟင်းစားရရန်ဖြစ်သည်။ စီးပွားဖြစ်မွေးမြူသူမှာမရှိပါ။ မွေးမြူရေးလုပ်ငန်းကို စိတ်ပါဝင်စားသူများရှိသည်။လုပ်ကိုင်နိုင်မည့်အရင်းအနှီး၊မြေနေရာ၊နည်းပညာများ လိုအပ်ပါသည်။ငါးမွေးမြူသည့်ငါးကန်မရှိပါ။

## (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | ကျေးရွာအနီးတွင်သတ်မှတ်ထားသည်။ |
| ရေရရှိမှု | စိမ့်စမ်းရေရှိသည်။ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မရှိပါ။ |
| ချေးငွေ | မရှိပါ။ |
| သွင်းအားစုဈေးကွက် | မရှိပါ။ |
| ဝန်ဆောင်မှုဈေးကွက် | မရှိပါ။ |
| ထုတ်ကုန်ရောင်းဝယ်မှု | မရှိပါ။ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | ရှိသည်။တနိုင်တပိုင်မွေးမြူသည်။ဟင်းစားရရန် |
| အခြား | - |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | - |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ချေးငွေ | - |
| သွင်းအားစု လက်လှမ်းမီမှု | - |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | - |
| ထုတ်ကုန်ရောင်းဝယ်မှု | - |
| အခြား | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ လယ်ယာလုပ်ငန်းခွင်တွင် နွားကိုခိုင်းသည့်အတွက် နွားများအစာရေစာဖူလုံမှုရှိရန် စားကျက်မြေနေရာကျယ်ကျယ်လိုအပ်ပါသည်။ စားကျက်မြေတွင် နွားစားမြက်ပင်များ စိုက်ပျိုးရန် လိုအပ်သည်။ကြက်၊ဝက်၊ဘဲ အိမ်မွေးတိရစ္ဆာန်များကို ဟင်းစားအဖြစ်မွေးမြူထားကြသည်။ တိရစ္ဆာန်များမှာဖြစ်တတ်သောရောဂါများ ကူးစက်မှုမရှိစေရန် နည်းပညာကာကွယ်ဆေးအသိပညာပေး ဟောပြောပွဲ စသည်တို့ကိုကျေးရွာအရောက် ပညာပေးရန်လိုအပ်ပါသည်။

## (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေရရှိနိုင်မှု | ပုဂ္ဂလိကများထံတွင်ငွေချေးပါက အတိုးများများပေးရသည်။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ကူးစက်ရောဂါမဖြစ်ရန် ကာကွယ်ဆေးကြိုတင်စီမံသင့်သည်။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာမရရှိပါ။နည်းလမ်းများမသိပါ။ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | လိုင်စင်၊လေလံများကို မိုးညှင်းမြို့တွင်သွားလုပ်ရသည်။ |
| အခြား | - |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | |
| ချေးငွေရရှိနိုင်မှု | |
| အခြား | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ မွေးမြူရေးလုပ်ငန်းကိုလုပ်မည်ဆိုပါက မြေနေရာအကျယ်အဝန်းရှိရန်လိုအပ်သည်။ ရင်းနှီးမည့်စိုက်ထုတ်ငွေရှိရန်လည်း လိုသည်။ မွေးမြူရေးကိုကျွမ်းကျင်သည့်လုပ်သားများလိုသည်။ နည်းစနစ်နှင့်

ပညာများလိုသည်။ ယခုချိန်ခါတွင် ကျွန်ုပ်တို့ကျေးရွာရှိ အသားဈေးနှုန်းမှာ အမဲသားတစ်ပိဿာ ကျပ်၁၂၀၀၀၊ ဝက်သားတစ်ပိဿာ ကျပ်၁၂၀၀၀၊ကြက်သားတစ်ပိဿာ ၈၀၀၀ကျပ်၊ ငါးတစ်ပိဿာ ဖ၀၀၀ကျပ်ရှိသည်။ တောင်သူလယ်သမား၊လက်လုပ်လက်စား၊ ကျပန်း၊ဆင်းရဲသားများမှာ အသားငါးဝယ်စားနိုင်သည့်အခြေအနေမှာ မရှိနိုင်ပါ။ ကိုယ်ပိုင်အိမ်ခြံဝင်းများတွင် ကြက်၊ဝက်၊ဘဲ အနည်းငယ်မွေးမြူကြပါသည်။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### (၂.၂.၃.၁)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| **စဉ်** | **လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)** | **လုပ်ငန်း အရေအတွက်** | **ဝန်ထမ်း / အလုပ်သမား အရေအတွက်** | **မိသားစုဝင် လုပ်အား** | **ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်** |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | ၁ | ၅ | - | မြင့် |
| ၂ | ထုတ်ကုန်လုပ်ငန်း | ၁ | ၂ | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | - | - | - | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | ၁ | - | | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | ၁ | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | - | - | - | - |
| ၇ | လက်လီ- လက်ကားရောင်းဝယ်ရေး | ၄ | ၆ | | |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | - | - | - | - |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | ၂ | - | - | |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း | - | - | - | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| | (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | - | - | - | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | ၁ | | |
| ၁၃ | ပညာရေး | | ၂ | | |
| ၁၄ | ကျန်းမာရေး | | | | |
| ၁၅ | လူမှုရေးလုပ်ငန်းများ | | | | |
| ၁၆ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | ၉၀ | | |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies. etc.,) | | | | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ** | **၁၀** | **၁၀၆** | | |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရွာသူရွာသားများသည် လယ်ယာလုပ်ငန်းခွင်သိမ်းဆည်းပြီးချိန်မှ စပြီး မော်ထဲသွားကျောက်တူးခြင်း၊ ရေမဆေးကျောက်ရှာခြင်း၊ ရွှေကျင်ခြင်း၊ပယင်းမှောသွားပြီး ပယင်းရှာခြင်းစသည့် သဘာဝတွင်းထွက် သတ္တုတူးဖော်မှုများသွားရောက်လုပ်ကိုင်ကြသည်။ အတည်တကျသွားလာလုပ်ကိုင်ခြင်း မရှိပါ။ မိုးရာသီရောက်လျှင်ရွာကို ပြန်လာကြပြီး လယ်ယာလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ကြသည်။ ကျန်သော

အလုပ်အကိုင်မှာ ကျေးရွာတွင်မရှိပါ။

## (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| ပန်းတိမ်၊ဝပ်ရှော့ | စိတ်ဝင်စားမှုရှိသည်။လုပ်ငန်းမရှိပါ။ |
| လက်သမား၊အလှပြင် | စိတ်ဝင်စားမှုရှိသည်။လုပ်ငန်းမရှိပါ။ |
| ပန်းရံ၊စက်ချုပ် | စိတ်ဝင်စားမှုရှိသည်။လုပ်ငန်းမရှိပါ။ |
| ကားမောင်း | စိတ်ဝင်စားမှုရှိသည်။လုပ်ငန်းမရှိပါ။ |
| ကုန်စုံဆိုင် | စိတ်ဝင်စားမှုရှိသည်။လုပ်ငန်းမရှိပါ။ |
| ပွဲစား | စိတ်ဝင်စားမှုရှိသည်။လုပ်ငန်းမရှိပါ။ |
| ကျူရှင် | စိတ်ဝင်စားမှုရှိသည်။လုပ်ငန်းမရှိပါ။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စီးပွားရေးလုပ်ရန် လုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် အခွင့်အလမ်းများရှိသော်လည်း နည်းပညာအရင်းအနှီးငွေ၊ဦးဆောင်မည့်သူ အလုပ်လုပ်နိုင်မည့်နေရာ အလုပ်ရုံ စက်ရုံမရှိ၊ သင်ကြားပေးမည့်သူမရှိသည့်အတွက် အလုပ်အကိုင်များရှားပါးသည်။ အလုပ်လုပ်နိုင်သော လူငယ်လူရွယ် အလွန်များသည်။

ဇယား(၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

| **ပြဿနာနှင့်အခက်အခဲများ** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| ငွေကြေးမရှိ | တောသူတောင်သားဆင်းရဲသူများခြင်း |
| သင်ကြားသူမရှိ | အသိအမြင်နည်းပါးခြင်း |
| အလုပ်ရုံမရှိ | လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့်တင်းတိမ်နေခြင်း |
| စက်ရုံမရှိ | |
| အသိပညာမရှိ | |
| ဦးဆောင်သူမရှိ | |
| နည်းပညာမရှိ | |
| | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေးနှင့်မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများမှာ ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူငယ်လူရွယ် အမျိုးသား၊အမျိုးသမီးများစွာရှိပါသည်။ သို့သော် အလုပ်လုပ်မည့်လုပ်ငန်း စက်ရုံအလုပ်ရုံများမရှိခြင်း၊ အမျိုးသမီးများအတွက် စက်ချုပ်၊အလှပြင်၊ဇာထိုး၊ ပန်းထိုးစသည့်အလုပ်များကို ကျေးရွာသို့အရောက်လာရောက်ပြီး သင်တန်းများ၊အရင်းအနှီးများ သင်ကြားပေးမှုများရှိပါက အလုပ်အကိုင်များအဆင်ပြေပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်လာနိုင်ပါမည်။

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရွှေ့ပြောင်းလုပ်သားတစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု | ၆၂ | - | - | - | - | - | - | - | - | - |
| ၂ | ရွှေ့ပြောင်းလုပ်ကိုင်သောကျေးရွာရှိလူဦးရေ | - | ၇၀ | ၄၅ | ၁၁၅ | ၆၉ | ၄၅ | ၁၁၄ | ၁ | - | ၁ |
| ၃ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | - | ၁၄ | ၁ | ၁၅ | ၁၄ | ၁ | ၁၅ | - | - | - |
| | ၆ လ အထိ | - | ၁၀ | ၂ | ၁၂ | ၁၀ | ၂ | ၁၂ | - | - | - |
| | ၁၂ လ အထိ | - | ၁၉ | ၂၇ | ၄၆ | ၁၉ | ၂၇ | ၄၆ | - | - | - |
| | ၁၂ လ အထက် | - | ၂၇ | ၁၅ | ၄၂ | ၂၆ | ၁၅ | ၄၁ | ၁ | - | ၁ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်ရွှေ့ပြောင်းသွားလာမှု ခရီးသွားလုပ်သားအရေအတွက်မှာ သတ်မှတ်၍မရနိုင်ပါ။ လယ်သမားများသည် လယ်ယာလုပ်ငန်းခွင်ပေါ် မူတည်ပြီးသွားလာကြသည်။ ရာသီဥတုပေါ်မူတည်ပြီးလည်းသွားလာကြသည်။သွားလိုက်ပြန်လိုက်နှင့် အမျိုးအမျိုးသွားလာကြသည်။ အများဆုံး ၃လထိဆိုသော်လည်း မိုးကျစေပါက ရွာသို့ပြန်လာကြပြီး လယ်လုပ်ကြရသည်။ ပြည်ပခရီးသွားလာသူ တစ်ဦးမျှမရှိပါ။

### (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၆၂ |

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | မရှိ |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | - |
| ၄ | အခြား | |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းရင်းမှာ ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့်ဝင်ငွေ အခွင့်အလမ်းများရှာဖွေရန်သွားလာကြသည်။ သို့သော်သွားလာသူတိုင်းမှာ အဆင်ပြေပြန်လာသူက နည်းပြီး အဆင်မပြေသူက ပို၍များသည်။ တစ်ချို့ဆိုလျှင် မော်ထဲသွားပြီး မြေစာပုံပြိုကျမိပြီး သေသူများလည်းရှိသည်။ တစ်ချို့က ကားမှောက်၊ဆိုင်ကယ်တိုက်မှုကြောင့် သေသူများလည်းရှိကြသည်။

## (၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | | |
|---|---|---|---|---|---|---|
| | | စုစုပေါင်း | % ကျေးရွာအတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၆၅ | - | - | ၁၆ | ၄၉ |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | - ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | ၄၂ | | - | - | - |
| | - ဘဏ် | ၅ | | - | - | - |
| | - လူကြုံဖြင့်လွှဲပို့ခြင်း | ၁၈ | | - | - | - |
| | - ငွေလွှဲလုပ်ငန်းနှင့် ဘဏ် | | | - | - | - |
| | - ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့်လူကြုံဖြင့်လွှဲပို့ခြင်း | | | - | - | - |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ငွေပြန်ပို့သူဆိုတာ မရှိသလောက်ရှားနေပါသည်။ မော်ထဲသွားပြီးပိုက်ဆံရှာသူမှာ ယခုအချိန်တွင်မော်ထဲမှာလည်း လုပ်ငန်းရှာဖွေလုပ်ရသည်မှာ အလွန်ခက်ခဲနေ၍ ငွေပို့သည့်မိသားစုအရေအတွက်မှာ အလွန်နည်းပါသည်။

## (၂.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး(မိုင်) | ကျေးရွာအတွင်း | မိုးညှင်း၊ဟိုပင် |
| သယ်ယူပို့ဆောင်ရေး လမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ | ဆိုင်ကယ် | သုံးဘီး၊တုန်ဖုန်း |
| ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင်မှုပေးနိုင်မှု | ဟင်းသီးဟင်းရွက် | |
| ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု | ပြန်ကျဈေး၊အမိုးအကာမရှိ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရွာတွင်းရှိလမ်းဘေးတွင် ချရောင်းရသောပုံကျဈေးမျှတာရှိသည်။ ရွာဈေးတွင်ဟင်းသီးဟင်းရွက်အသီးအနှံ အနည်းငယ်မျှသာရောင်းချရပါသည်။အကြီးစားဈေးကွက်မရှိပါ။ဆန်၊ စပါး၊ပဲအမျိုးမျိုးကို ပွဲစားများကျေးရွာအရောက်လာပြီးဝယ်ကြသည်။ ပွဲစားများသတ်မှတ်သော ဈေးဖြင့်ရောင်းကြရသည်။လယ်သမားများမှာ၊စပါးဈေးကို သတ်မှတ်ထားမှုမရှိသဖြင့် ပွဲစားများချယ်လှယ်ခြင်းကို ခံကြရသည်။

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| အစိုးရဘဏ် (စိုက်ပျိုးရေး ဘဏ်၊ သ မချေး ငွေ) | စိုက်ပျိုးစရိတ်ချေးငွေ | ၁နှစ် | ၁၂လ | မရှိ | ပုံစံ(၇)ပြနိုင်ရန် လယ်ဘဏ်စာအုပ်ရှိရမည်။ |
| ပုဂ္ဂလိကဘဏ် | | | | | |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန် ဆောင်မှုကဏ္ဍ | | | | | |
| အဖွဲ့အလိုက်ငွေစု /ငွေချေးအစီအစဉ် | | | | | |
| ငွေချေးပေးသူ | | | | | |

| **ချေးငွေ ရရှိနိုင်သည့် နေရာ** | **ငွေကြေး ဝန်ဆောင်မှု အမျိုးအစား** | **ပြန်လည် ပေးဆပ်ရမ ည့် ကာလ** | **အတိုးနှုန်း (လ)** | **အပေါင်ခံ ပစ္စည်း လိုအပ်မှု** | **ချေးငွေရရန် အခက်အခဲများ** |
|---|---|---|---|---|---|
| အပေါင်ဆိုင် | အတိုးဖြင့် ချေး | ၁နှစ် | ၁လတိုး | ရှိသည်။ | အပေါင်ပစ္စည်းပြနိုင်ရမ ည်။ |
| မိတ်ဆွေနှင့်ဆွေ မျိုးများ | ရက်ပိုင်းချေး | ၁ပတ် | မရှိ | | အချိန်ကာလကြာ၍မရ |
| အခြား | - | - | - | - | - |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေးဝန်ဆောင်မှု ပေးသောအဖွဲ့များ။

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင်လယ်သမားအများစုမှာ အစိုးရဘဏ်(စိုက်ပျိုးရေး)ဘဏ်တွင် အများဆုံးလယ်သမားတိုင်းချေးငှားကြသည်။စိုက်ပျိုးရေးစရိတ်ကို ဝါဆိုလ စိုက်ပျိုးချိန်အမှီ ချေးငှားပေး ရန်လိုအပ်ပါသည်။ လယ်သမားအများစုသည် စိုက်ပျိုးစရိတ်ချေးငွေကို စိုက်ပျိုးရန်အတွက် တစ်မျိုးတည်း မဟုတ်ဘဲ၊ပညာရေး၊ကျန်းမာရေး၊စားဝတ်နေရေး၊နေရေးထိုင်ရေးအစရှိသည့် အရေး ကိစ္စ အဝဝမှာ အသုံးပြုကြရသည်။ ဘဏ်ပြန်ဆပ်ချိန်ရောက်လာလျှင် စပါးဈေးကို ဈေးမကောင်းသော်လည်း ရောင်းချဆပ်ကြရသည်။ မလုံလောက်ပါက နောင်ပေးစပါးရောင်းပြီး ဘဏ်ကိုဆပ်ကြရသည်။

## (၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

### (၂.၆.၁) ပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

| **အခက်အခဲ** | **အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်)** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | မြင့် | ဓါတ်မြေသြဇာအလွန်အကျွံသုံးခြင်း |
| အပင်မျိုးစိတ်များ | မြင့် | မျိုးကောင်းမျိုးသန့်ရှားပါးခြင်း |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | မြင့် | နည်းပညာမသိခြင်း |
| ရေရင်းမြစ် | မြင့် | မိုးခေါင်လျှင်ပိုဆိုးသည်။ |
| ငါးမျိုးကွဲများ | မြင့် | ငါးမွေးမြူရေးကန်မရှိ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | | |

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြသော်လည်း လယ်သမားအများစုသည် လယ်မြေကွက်ထဲသို့ သဘာဝမြေသြဇာဖြစ်နိုင်သော နွားချေးပဲခွံ၊ဖွဲခွံများရရှိနိုင်မှု ခက်ခဲသဖြင့် ဓါတ်မြေသြဇာများကို ဝယ်ယူပြီး သီးနှံပင်များကို ပက်ကျဲမှုကြောင့် အသီးအနှံများ အထွက်တိုးသော်လည်း မြေသြဇာမှာ လုံးဝပျက်စီးနေပါသည်။ဓါတ်မြေသြဇာသုံးစွဲမှု အချိုးကျနှုန်းထားများကို လယ်သမားများအား ပညာပေးသင်ကြားမှုများ ပြုလုပ်ရန်လိုအပ်နေပါသည်။

## (၂.၇) ပညာရေး

### (၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| အတန်းပညာပြီးမြောက်မှု | ကျား | မ | ပေါင်း | ၉ နှစ်နှင့်အထက် လူဦးရေ၏% |
|---|---|---|---|---|
| စာမတတ်သူဦးရေ | ၁၂ | ၆ | ၁၈ | ၂ |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၁၄ | ၃ | ၁၇ | ၂ |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၅၅ | ၃၈ | ၉၃ | ၁၀ |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၃၁၇ | ၃၀၇ | ၆၂၄ | ၆၆ |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၃၉ | ၅၂ | ၉၁ | ၁၀ |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၂၀ | ၃၁ | ၅၁ | ၅ |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၂၀ | ၂၉ | ၄၉ | ၅ |
| **၉ နှစ်နှင့်အထက် လူဦးရေပေါင်း** | **၄၇၇** | **၄၆၆** | **၉၄၃** | ၁၀၀ |

ရင်းမြစ် …အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်စာမတတ်သူဦးရေ ၁၈ဦးရှိပြီး ဘုန်းကြီးကျောင်းသင်ပညာရေးပြီးဆုံးသူ ၁၇ဦး၊မူလတန်း၊အလယ်တန်း၊အထက်တန်းထိစာတတ်မြောက်မှုမှာ အထိုက်အလျောက်အသင့်အသင့်ကောင်း သည်။ ယခုချိန်ကျေးရွာတွင် ၁၀တန်းအောင်တက္ကသိုလ် ပညာသက်ရောက်ပြီး ၄၉ဦးရှိသည်။ ဘွဲ့ရပြီးအလုပ် လက်မဲ့ဖြစ်နေသူများလည်း ကျေးရွာတွင်ရှိသည်။ အလုပ်အကိုင်ကို ဝန်ထမ်းပေးသော်လည်း ကျရာဒေသသည် ရွာနှင့်ဝေးကွာသောနေရာ ဒေသများသွားရောက်လုပ်ကိုင်ရသည်မှာ အဆင်မပြေ၍ ဝန်ထမ်းမလုပ်ဘဲ ဘွဲ့ရ အလုပ်လက်မဲ့များသည်။ ကျေးရွာဒေသနှင့်ကိုက်ညီသော ဝန်ထမ်းအလုပ်အကိုင် အခွင့်အလမ်းများ ပေးစေလိုပါသည်။

### (၂.၇.၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ |
|---|---|---|---|---|
| မူလတန်း(၅-၉နှစ်) | ၅၅ | ၅၅ | ၁၁၀ | |
| အလယ်တန်း (၁၀-၁၄နှစ်) | ၉၀ | ၈၈ | ၁၇၈ | |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၄၇၂ | ၁၁၆ | ၅၈၈ | |
| တက္ကသိုလ် ကျောင်းသား၊ သူ | ၂၃ | ၄၃ | ၆၆ | |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မူလတန်း၊မူလွန်ကျောင်း၁ကျောင်း၊အထက်တန်းခွဲကျောင်း ၁ကျောင်း၊ စာသင်ကျောင်း၂ကျောင်းရှိသည်။ ကျောင်းနေသူစုစုပေါင်း ကျောင်းသူ/သားဦးရေပေါင်း ၉၄၂ဦးရှိပြီး မူလတန်းပညာသင်ကျောင်းသူကျောင်းသားများမှာ အခမဲ့ပညာသင်ကြားနိုင်သည်။

## (၂.၇.၃) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | မူလတန်းကျောင်း | | | အလယ်တန်းကျောင်း | | | အထက်တန်းကျောင်း (ယာယီဆောင်) | | |
|---|---|---|---|---|---|---|---|---|---|
| ရွာမှအကွာအဝေး(မိုင်) | ၇ဖာလုံ | | | | | | | | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | | | | | | | | | |
| စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊အမြင့်) | အလျား၁၀၈ပေ၊အနံ ၃၀ပေ၊အမြင့်၁၂ပေခွဲ | | | | | | | | |
| အမိုး၊နံရံ၊အခင်း အရည်အသွေး | ညွှ့ | | | | | | | | |
| ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ) နှင့် ကျောင်းအိမ်သာအခြေအနေ | ကျောင်းသုံးပရိဘောဂ လုံလောက်မှုမရှိ | | | | | | | | |
| ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရအမျိုးအစားနှင့် ကြိမ်ရေ) | ဆန်ပြုတ် ကြိမ်(၆) | | | | | | | | |
| ကျောင်းဆရာဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၃ | ၁၈ | ၂၁ | - | | | | | |
| ကျေးရွာခန့် | - | | | - | - | - | - | - | - |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်စာသင်ကျောင်း၂ကျောင်းရှိပြီး ရွာ၏ရှေ့တွင်မူလတန်းကျောင်း၊ ရွာ၏အနောက်တွင် အထက်တန်းခွဲကျောင်းရှိသည်။စာသင်ကျောင်းသို့ကျောင်းသူကျောင်းသားများသည် ခြေလျင်၊ စက်ဘီးများဖြင့် အများဆုံးကျောင်းတက်ကြသည်။ ဆရာ/မများမှာ ဆိုင်ကယ်ဖြင့်ကျောင်းတက်သည်။

စာသင်ကျောင်းအရွယ်အစားမှာ အလျား၁၈၀ပေ၊အနံ၃၀ပေ၊အမြင့် ၁၂ပေခွဲ ဆောက်လုပ်ထားသည်။ ကျောင်းသုံး ပရိဘောဂများမှာ လုံလောက်မှုမရှိပါ။ ကျောင်းအိမ်သာမှာလည်းလုံလောက်မှုမရှိပါ။ ကျောင်းအဟာရ တိုက်ကျွေး မှုများ ၁နှစ်လျှင်၆ကြိမ်ခန့်ဆန်ပြုတ်တိုက်ကျွေးပါသည်။ရွာသူ/သားများစုပေါင်း၍ အလှူရှင်များစုပြီး မူလတန်း ကလေးငယ်များကို တိုက်ကျွေးသည်။ အလယ်တန်း၊အထက်တန်းများကို တိုက်ကျွေးခြင်းမရှိပါ။

## (၂.၇.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | အထက်တန်းခွဲ ဆရာ၁ဦး၊ဆရာမ(၆)ဦး |
| တပည့် - ဆရာ အချိုး | အချိုးမညီပါ။ဆရာ/မများလိုအပ်ပါသည်။ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | ၆၆%ရှိပြီး ကျေးရွာတွင်အများဆုံး |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မရှိ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | လုံလောက်မှုမရှိပါ။ |
| ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု | ကူညီထောက်ပံ့မှုများလိုအပ်သည်။ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု | လိုအပ်ပါသည်။ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကျောင်းကော်မတီ(၁၅)ဦးဖွဲ့ထားသည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကျောင်းဆရာ/မဦးရေမှာ စုစုပေါင်း ၁၇ဦးရှိပြီး ဆရာ/မများလိုအပ် နေပါသည်။ မူလတန်းပညာဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်မှုမှာ အလွန်များပြားသည်။ စာသင်ကျောင်းတွင် ကျောင်းသုံးစာအုပ်၊ပရိဘောဂများ၊ကျောင်းခန်း၊ကျောင်းဆောင်များလိုအပ်ပါသည်။ အားကစားပစ္စည်းများ လိုအပ်ပါသည်။

## (၂.၈) ကျန်းမာရေးနှင့်အာဟာရ

## (၂.၈.၁) အဖြစ်များသောရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၁ | ဝမ်းပျက်ဝမ်းလျှော | | √ | | မိုးတွင်းအချိန်ကာလသောက်ရေမသန့် |

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| | | | | | ခြင်း |
| ၂ | သွေးလွန်တုပ်ကွေး | | √ | | ရေဝပ်ခြင်း၊ခြင်ပေါက်ဖွားခြင်း |
| ၃ | ငှက်ဖျား | | √ | | ချောင်းရေသောက်ခြင်း၊ချုံပုတ်ရှိခြင်း |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | | √ | | ဖုန်မှုန့်များခြင်း၊ဖွဲ့ခွံများလွင့်ခြင်း |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | | √ | | မူးယစ်ဆေးစွဲသူမှတဆင့်ကူးစက်ခြင်း |
| ၆ | တီဘီ | | √ | | ဆောင်ရာသီအအေးလွန်ကဲခြင်း |
| ၇ | ဆီးချို | | √ | | ဓါတုဆေးဆိုး၊စားအုံးဆီသုံးခြင်း |
| ၈ | သွေးတိုး | √ | | | ဟင်းချိုမှုန့်စားသုံးခြင်း |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | | √ | | သဘာဝဟင်းသီးဟင်းရွက်များ |
| ၁၀ | အာဟာရချို့တဲ့မှု | | √ | | ဓါတုဆေးသုံးအစားအစာများစားသုံးခြင်း |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ။ ကျေးရွာတွင်အဖြစ်များသောရောဂါများမှာ ရာသီဥတုအချိန်ကာလပေါ် မူတည်သည်။မိုးတွင်းကာလရောက်လျှင် သောက်ရေသန့်ရှင်းမှုနည်းခြင်း၊ ရေမြောင်းများမှ ခြင်ပေါက်ဖွားခြင်း၊ ချုံနွယ်ပိတ်ပေါင်းများထခြင်းတို့ကြောင့်ကျေးရွာတွင် ကလေးသူငယ်များ ရောဂါအဖြစ်များသည်။ လူငယ်၊လူလတ်အရွယ်မှာ မူးယစ်ဆေးကိုသုံးစွဲခြင်းကြောင့် HIV၊ AIDS လိင်မှတဆင့် ကူးစက်နိုင်သော ရောဂါအဖြစ်များသည်။ လူကြီးများမှာ ဆောင်းတွင်းကာလအချိန်တွင် လေဖြတ်ရောဂါ သွေးတိုး၊ဆီးချို၊နှလုံး၊ သွက်ချာပါဒစသည့် ရောဂါများအဖြစ်များသည်။ ကျေးရွာတွင် ဆေးရုံ၊ဆေးခန်းမရှိပါ။

## (၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း၊ အာဟာရ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | √ | | ဖုန်မှုန့်များရှူခြင်းကြောင့်ဖြစ်သည်။ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | √ | | မွေးကင်းစကလေး၊၅နှစ်အောက် |

| စဉ် | **ကာကွယ်ဆေးထိုးခြင်း၊ အာဟာရ** | **ရှိ** | **မရှိ** | **မှတ်ချက် / သုံးသပ်ချက်** |
|---|---|---|---|---|
| ၃ | ပိုလီယိုရောဂါ | √ | | မွေးကင်းစကလေး၊၅နှစ်အောက် |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | √ | | ကျေးရွာတွင်ဆေးခန်းမရှိပါ။ |
| ၅ | ဝက်သက်ရောဂါ | √ | | ကျေးရွာတွင်ဆေးခန်းမရှိပါ။ |
| ၆ | အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု | √ | | ကျေးရွာတွင်ဆေးခန်းမရှိပါ။ |
| ၇ | အာဟာရမှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | √ | | |
| ၈ | အာဟာရပညာပေးအစီအစဉ် | √ | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ တိုက်နယ်ဆေးရုံးသည် နန်းမားတွင်ရှိသော်လည်း ကျေးရွာနှင့် ၁၀မိုင်ဝေးကွာသည်။ မိုးညှင်းမြို့နယ်ဆေးရုံးနှင့် မိုင်(၂၀)ကွာဝေးသည်။ ကျန်းမာရေးအတွက် ဆေးဝါးကုသမှု ကြိုတင်ကာကွယ်ပေးမှုများကို ကျေးရွာအရောက်လာရောက်ကုသပေးစေလိုပါသည်။ ကျေးရွာနှင့်မြို့နယ်ဝေးကွာမှုကြောင့် အချို့သော မိခင်နှင့်ကလေး၊ကိုယ်ဝန်ဆောင်သည်များသည် မြို့သို့သွားပြီးဆေးထိုးမှုနည်းသည်။ အသိပညာများနည်းသည့်အတွက် အသိပညာပေးဟောပြောမှုများ ပြုလုပ်ရန်လိုအပ်ပါသည်။

## (၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| **ကျန်းမာရေး ဝန်ဆောင်မှု** | **ခရီး အကွာ အဝေး (မိုင်)** | **အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ)** | **ကျန်းမာရေး ဝန်ထမ်းဦးရေ** | **ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)** | **မှတ်ချက်** |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာန | မရှိ | - | ကျန်းမာရေးမှူး- သားဖွားဆရာမ - အရံသားဖွားဆရာမ- ကြီးကြပ် (၁) – | | |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက် မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| | | | ကြီးကြပ် (၂) –<br>တိုင်းရင်းဆေးကု-<br>အရပ်လက်သည်- | | |
| တိုက်နယ် ဆေးရုံ | | | ဆရာဝန် -<br>လ/ထ -<br>ကျန်းမာရေးမှူး-<br>သူနာပြု -<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ဓာတ်ခွဲကျွမ်းကျင်- | | |
| မြို့နယ် ဆေးရုံ | | | ဆရာဝန် -<br>လ/ထ -<br>ကျန်းမာရေးမှူး-<br>သူနာပြု -<br>သားဖွားဆရာမ -<br>အရံသားဖွားဆရာမ-<br>ဓာတ်ခွဲကျွမ်းကျင်- | | |
| ဆေးဆိုင် | | - | ဆေးဝါးကျွမ်းကျင် သူ | လက်လှမ်းမှီမှု--<br>ဆေးဝါး--<br>သိုလှောင်ပုံစနစ်--<br>အအေးခန်းစနစ်-- | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိ၊ ဆေးရုံမရှိ၊ ကျန်းမာရေးမှူးမရှိ၊ သားဖွားမရှိ၊ကျန်းမာရေးစောင့်ရှောက်ပေးမည့်လူမှုအဖွဲ့အစည်းလည်းမရှိပါ။ အရေးပေါ်ဖြစ်လာပါက မေတ္တာလှူငယ်အဖွဲ့မှ ကူညီရေးကားဖြင့် ကူညီမှုသာရှိပါသည်။ နမ္မားကျေးရွာတိုက်နယ်ဆေးရုံနှင့် လယ်မိုးရွာ

၁ဝမိုင်ဝေးပြီး သွားလာရေးမှာ ဆိုင်ကယ်ကိုအများဆုံး အသုံးပြုကြသည်။ ကျေးရွာတွင် ဆေးဝါးအစုံအလင် မျိုးစုံ ရောင်းချသည့် ဆေးအရောင်းဆိုင်မရှိပါ။ ဆေးဝါးကျွမ်းကျင်သူများလည်းမရှိပါ။

## (၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေ အတွက် | အကောင်း/ အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၈၂ | ကောင်း | | ရှိ | ရှိ | |
| အဝီစိတွင်း (စက်တပ်) | | | | | | |
| အဝီစိတွင်း/တုံကင် | ၃၅ | | | | | |
| ကန် | | | | | | |
| မြစ်/ချောင်း | | | | | | |
| မိုးရေသိုလှောင်ကန် | ၆၉ | | | | | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | ၂၅၅ | | | ရှိ | ရှိ | |
| အခြား | - | | | | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သောက်သုံးရေရရှိနိုင်မှုအခြေအနေမှာ ရွာတွင် ရေတွင်း၈၂တွင်း ရှိပြီး အကောင်းများဖြစ်သော်လည်း နွေရာသီတွင် ရေခမ်းသည်။ သောက်ရေမလုံလောက်ပါ။ စိမ့်စမ်းရေ သွယ်တန်းခြင်းရှိသော်လည်း သောက်ရေအဖြစ်စိတ်ချရခြင်းမရှိပါ။ ကျန်းမာရေးနှင့် ကိုက်ညီမှုရှိ/မရှိ။မသိ ရပါ။ စိမ့်စမ်းရေမှာနွေရာသီတွင် လုံလောက်ခြင်းမရှိပါ။ စိမ့်စမ်းရေကိုအိမ်တိုင်းမှာ သွယ်တန်းထားပါ သည်။ ကျန်းမာရေးဌာနမှ လာရောက်ပြီး စိမ့်စမ်းရေကို စစ်ဆေးစမ်းသပ်ပေးရန် လိုအပ်ပါသည်။

### (၂.၉.၂)သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၁၄၄ | စာသင်ကျောင်း၊ဘုန်းကြီးကျောင်း၊ အဆင်ပြေသော အိမ်ထောင်စုများသာအသုံးပြုနိုင်သည်။ |

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ကျင်းအိမ်သာ | ၁၀၄ | ဆင်းရဲသောအိမ်ထောင်စု |
| မြေပေါ် အိမ်သာ | ၇ | အလွန်ဆင်းရဲသောအိမ်ထောင်စု |
| တောထိုင် | - | |
| **စုစုပေါင်း** | **၂၅၅** | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်တိုင်းမှာ ယင်လုံအိမ်သာကို သုံးကြရမည်ဆိုသော အသိအိမ်တိုင်းသိရှိကြသော်လည်း အိမ်သာတည်ဆောက်မည့် တန်ဖိုးကြီးမား၍ မဆောက်လုပ်နိုင်ကြပါ။ ကျန်းမာရေးအရ အရေးကြီးကြောင်း လူတိုင်းသိသော်ငြားလည်း ငွေကြေးကြပ်တည်းမှုကြောင့် ခက်ခဲနေရပါသည်။

## (၂.၁၀) ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ကိစ္စရပ်ဆိုင်ရာ

| # | ကျား-မ ကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီး တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု | √ | | ကောက်စိုက်အဖွဲ့၊ကောက်ရိတ်အဖွဲ့၊ သာရေးနာရေး၊ထမင်းချက်အဖွဲ့ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | √ | | ပရဟိတ မေတ္တာကူညီရေးအဖွဲ့ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | - | √ | |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | √ | | |
| ၅ | အခြား (ရှိလျှင်) | | | |

ရင်းမြစ်… (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျားမရေးရာကိစ္စရပ်များဆိုင်ရာမှာ ရွာတွင် ပြစ်မှုကြီးကြီးမားမားမရှိပါ။ ကျေးရွာတွင် ဘာသာရေး၊သာရေး၊နာရေး၊ကောက်စိုက်၊စပါးရိတ်၊ ချက်ပြုတ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများ ခေါင်းဆောင်ပြီး တက်ကြွစွာပါဝင်ကြသည်။

## (၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

### (၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| **လမ်း အမျိုးအစား** | **အမျိုးအစား (၁/၂/၃)** | **ကောင်း /ဆိုး** | **တည်ဆောက်ခဲ့သောနှစ်** | **ရာသီအလိုက် သုံးစွဲနိုင်မှု** | | **လမ်းအရှည် (မိုင်)** |
|---|---|---|---|---|---|---|
| | | | | **ပွင့်လင်းရာသီ** | **တစ်နှစ်ပတ်လုံး** | |
| ရွာတွင်းလမ်း | ၁ | ဆိုး | **၁၉၁၆** | | √ | ၁မိုင် |
| ချဉ်းကပ်လမ်း | | | | | | |
| ရွာချင်းဆက်လမ်း | | ဆိုး | ၁၉၁၉ | | √ | ၇၆၀၀ပေ |
| အခြား | | | | | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း - ၃

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အရှေ့အနောက်သွားလမ်း၂လမ်း၊တောင်နှင့်မြောက်သွယ်တန်းလမ်း ၆လမ်းရှိပြီး လမ်းအားလုံးသည် မြေသားလမ်းများဖြစ်သည်။ မိုးတွင်းအချိန်ကာလများတွင် ရေကျော်ခြင်း၊ရေဝပ်ခြင်းများလည်းရှိသည်။ အိမ်ရှေ့တိုင်တွင် ရေနုတ်မြောင်းတူးဖော်ရန်လည်း လိုအပ်သည်။ ရွာချင်းဆက်လမ်းကို ၁၉၁၉ခုနှစ်တွင် ဖောက်လုပ်ခဲ့ပြီး ယခုချိန်ထိ ကျေးရွာချင်းဆက်လမ်းမှာ မြေသားလမ်းသာဖြစ်နေပါသည်။ တိုးတက်မှုမရှိသေးပါ။ တစ်နှစ်ပတ်လုံးသွားလာနိုင်သော်လည်း နွေရာသီဖုံထပြီး၊မိုးရာသီဗွက်ထသည်။ သုံးရာသီစလုံး ကောင်းမွန်ခြင်းမရှိပါ။ ယခုချိန်မှာ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်ပေးဖို့လိုအပ်ပါသည်။

### (၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

| **တံတား အမျိုးအစား** | **အရွယ်အစား** | **ကောင်း/ဆိုး** | **တည်ဆောက်ခဲ့သောနှစ်** | **အသုံးပြုနိုင်သည့်ရာသီ** | |
|---|---|---|---|---|---|
| | | | | **ပွင့်လင်းရာသီ** | **တစ်နှစ်ပတ်လုံး** |
| ဆိပ်ခံတံတား | | | | | |
| ကွန်ကရစ်တံတား | | | | | |
| ကြိုးတံတား | | | | | |
| ရေပြွန် | | | | | |
| အခြား(ချောင်းတံတား) | ၁၀၀ | ဆိုး | ၂၀၁၀ | | √ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ လယ်မိုးကျေးရွာ၏ရွာလယ်တွင် ချောင်းကျယ်ကြီးရှိပြီး ချောင်းရေသည် မိုးတွင်းကာလရောက်လျှင် ချောင်းရေသည် အလွန်မှ ရေကြီးရေလျှံဖြစ်တတ်ပါသည်။ ထိုရွာလယ်ချောင်းကို ဖြတ်ဆောက်ထားသော တံတားမှာ သစ်တားတံတားဖြစ်၍ နှစ်ရှည်လများကာလကြာသည်နှင့်အမျှ ပျက်စီးလာပါသည်။ ပျက်စီးရခြင်းအကြောင်းမှာ သစ်သားတိုင်၊ပျဉ်ခင်းတံတားဖြစ်ပြီး ကားကြီး၊ဆယ်ဘီးကားများ ဝန်တင်နွားလှည်းများ ဖြတ်သန်းမောင်းနှင်မှုကြောင့် ပျက်စီးနေပါသည်။ ၅နှစ်တာစီမံကိန်းတွင် ဤတံတားကို ကွန်ကရစ်တံတားအဖြစ်တည်ဆောက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းမှ ကူညီဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

## (၂.၁၁.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ် အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | | | | |
| ပင်လယ်ရေကြောင်း | - | | | |
| အခြား | | | | √ |

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

**လေ့လာတွေ့ရှိချက်။** ။ ရေကြောင်းသွားလာ အသုံးပြုမှုမရှိပါ။

## (၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | - | - | ၁၉၅ | ၃၂၀ | | | | ၁၄၇ |

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များမှာ စက်ဘီး၊ဆိုင်ကယ်၊နွားလှည်းတို့ကိုသာ အများဆုံးအသုံးပြုကြသည်။

## (၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | ၁၆၉ | သင့် | မီးခဏခဏပျက်သည်။ |
| ဆိုလာစနစ် | | ညံ့ | ရှိ |
| အသေးစားရေအားလျှပ်စစ် | | ညံ့ | မရှိ |
| ဒီဇယ်သုံးအင်ဂျင် | | သင့် | ရှိ |
| လေစွမ်းအင် | | ညံ့ | မရှိ |
| ဇီဝလောင်စာ | | ညံ့ | မရှိ |
| အခြား | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်ထောင်စုအရေအတွက် စုစုပေါင်းမှာ ၂၅၅ရှိပြီး မဟာဓါတ်အားလိုင်းကိုသုံးသောအိမ် စုစုပေါင်း (၁၆၉)အိမ်ရှိသည်။ကျေးရွာတွင် မဟာဓါတ်အားလိုင်းကို အများဆုံးအသုံးပြု၍ မီးကို ၂၄နာရီရရှိရေးမှာ အလွန်အရေးကြီးပါသည်။၂၄နာရီမီးရရှိခြင်းဖြင့် ကျေးရွာပတ်ဝန်းကျင်အနီးအနားရှိ သစ်တော ဝါးတောများ ကာကွယ်ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ ယခုချိန်တွင်လျှပ်စစ်မီးမှာ နေ့စဉ်နေ့တိုင်းမကြာမကြာ ခဏခဏပျက်နေပါသည်။ မီးမပျက်ရန်အတွက် လျှပ်စစ်ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

## (၂.၁၃) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း | အခြား |
|---|---|---|---|---|---|
| အရေအတွက် | ၆၂၅ | ၉၈ | ၁၇၈ | ၁၂၈ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဆက်သွယ်ရေးလွယ်ကူရန် ဖုန်းများကို အသုံးပြုကြသည်။ သတင်းအချက်အလက်များသိရှိရန် ရေဒီယို၊တီဗွီ၊ ဂြိုလ်တုစလောင်းများကြည့်ရှုခြင်းဖြင့်သိရှိနိုင်ပါသည်။ နည်းပညာလိုအပ်နေပါသည်။ ကျေးရွာတွင်mPT၊တယ်လီနော ၊အူရီဒူးဖုန်းများမှာ စုစုပေါင်း၆၂၅လုံးရှိပြီး အိမ်တိုင်းမှာ ဖုန်းသုံးစွဲမှုရှိသော်လည်း ဖုန်းဘေလ်၊ငွေဖြည့်ကဒ်ဖိုး၊ ကုန်ကျငွေမှာ အလွန်ခက်ခဲနေပါသည်။ ဖုန်းဘေလ်သုံးစွဲခကိုလည်း ဈေးနှုန်းလျှော့ချမှုများလုပ်ဆောင်ပေးရန် ကျေးရွာဖွံ့ဖြိုးရေးမှ ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

## (၂.၁၄) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | မရှိပါ |
| လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု | သာရေး၊နာရေး၊ဘာသာရေး |

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု | အလှူငွေရန်ပုံငွေရှာဖွေရေး |
| အားကစားပစ္စည်းများအား လက်လှမ်းမီမှု | မရှိပါ။ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု | အနည်းငယ် |
| ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး | အိုးစည်ဝိုင်း၊ဒိုးပတ်ဝိုင်းများ |
| စာကြည့်တိုက်၊အင်တာနက်စသည်များ အား လက်လှမ်းမီမှု | မရှိပါ။ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လူငယ်များ၊ ရွာသူရွာသားများ အပန်းဖြေနိုင်သည့်နေရာမရှိပါ။ လက်ဘက်ရည်ဆိုင်၊ကာလာအိုကေဆိုင်များလည်းမရှိပါ။ လူမှုရေးလုပ်ငန်းများတွင် လူငယ်များအများဆုံး ပါဝင်မှုရှိသည်။ ဘာသာရေးလုပ်ငန်းများအတွက် ရန်ပုံငွေရှာဖွေရေးကို လူငယ်များဦးဆောင်လုပ်ကိုင်ကြသည်။ လူငယ်များအတွက် အားကစားကွင်းနှင့် အားကစားပစ္စည်းများမရှိပါ။ လက်လှမ်းမှီမှုမှာ ဘောလုံးကန်ခြင်းသာရှိသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းတွင် လူငယ်များစိတ်ပါဝင်စားမှုရှိသည်။ ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အတီး၊အမှုတ်မှာလည်း ဝါသနာပါကြသည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိပါ။ အင်တာနက်ကြည့်ရှုသူများသော်လည်း စာကြည့်မှု နည်းသည်။

## (၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

## (၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦ များအား လက်လှမ်းမီမှု | မရှိပါ။ |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ် | |
| ရဲစခန်းများအား လက်လှမ်းမီမှု | |
| အခြား | - |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဘေးကင်းလုံခြုံရေးနှင့် ကျေးရွာတည်ငြိမ်ရေးဆိုင်ရာ ဝန်ဆောင်မှုမှာမရှိပါ။ ကျေးရွာတွင်မူယစ်ဆေးသုံးစွဲသူများခြင်း၊ မူးယစ်ဆေးရောင်းသူများရှိခြင်းတို့ကြောင့် ကျေးရွာတွင်ဆိုင်ကယ်ခိုးမှုများ မကြာခဏရှိနေပါသည်။ နေအိမ်များကိုလည်း စိတ်ချလက်ချ သော့ခတ်

ပြီး ပစ်ထားသွားလာ၍ စိတ်မချရပါ။ မူးယစ်ဆေးသုံးစွဲသူများမှာ ကျေးရွာတွင် လူငယ်များအလွန်အကျွံ များပြားနေသောကြောင့် မိသားစုတိုင်းစိတ်မအေးရဘဲ ပူပင်သောကများနှင့် စိုးရိမ်ထိတ်လန့်မှုများ ရှိနေရပါသည်။ မူးယစ်ဆေးစွဲသူများကို ဆေးဖြတ်သည့်ဆေးရုံများ ပြန်လည်တည်ထောင်ရေးများ အလုပ်အကိုင်များပေးရန် လိုအပ်ပါသည်။

## (၂.၁၅.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| စိုးရိမ် /သာမန် | ၂ | ၁ | ၁ | ၂ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

မှတ်ချက် - စိုးရိမ် = ၁၊ သာမာန် - ၂

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အမျိုးသား၊သမီးများ အလုပ်လုပ်နိုင်သောအရွယ်များ အရေအတွက်များခြင်းကြောင့် အလုပ်အကိုင်များရှားပါးမှုဖြင့် ဝင်ငွေရလုပ်ငန်းများမရှိပါ။ ကျေးရွာတွင် အလုပ်အကိုင် ဝင်ငွေရမှုမရှိသဖြင့် ဝေးလံခေါင်တီးသောမှော်ထဲ၊ တရုတ်ပြည်နယ်စပ်ဒေသများသို့ သွားရောက်လုပ်ကိုင်ကြရသည်မှာလည်း စိုးရိမ်ကြရပါသည်။ မူးယစ်ဆေးသုံးစွဲမှုမှာ အိမ်တိုင်း မိသားစုတိုင်းမှာရှိနေ၍ အရမ်းစိုးရိမ်နေရပါသည်။ မူးယစ်ဆေးကြောင့်အကြမ်းဖက်မှုများလည်း မကြာခဏရှိပါသည်။

**နောက်ဆက်တွဲ ၂**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ**

| အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| • သဘာဝအရင်းအမြစ်များ | |
| • နေရာတည်ရှိမှုနှင့် ပထဝီဆိုင်ရာ အားသာချက် | |
| • ရပ်ရွာတည်ငြိမ်အေးချမ်းမှု | |
| • ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | |
| • ဆက်သွယ်ရေး | |
| • ကျန်းမာရေးအဆောက်အအုံနှင့် ဝန်ဆောင်မှုများ | |
| • ကျေးရွာလျှပ်စစ်မီး | |

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှု များ**

| အဟန့်အတားများ၊ စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| • ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု | |
| • သဘာဝအရင်းအမြစ်ထုတ်ယူသုံးစွဲမှု ကန့်သတ်ချက်များ | |
| • ကျန်းမာရေးဝန်ဆောင်မှု | |

**ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ**

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **စိုက်ပျိုးရေး(ရေ)** | | | | | |
| | • စိုက်ပျိုးရေးလုပ်ငန်းအထွက်တိုးအောင် ရေလိုအပ်ခြင်း(ရေသွင်းမြောင်းလိုအပ်ခြင်း) | • မြေသားမြောင်းဖြစ်ခြင်း<br>• စိုက်ပျိုးမြေကေကျယ်ဝန်း၍ ရေရရှိမှုနည်းပါးခြင်း | • ဘုန်းကြီးစခန်းရေလှဲဆည်ရှိခြင်း<br>• လုပ်သားအင်အားရှိခြင်း<br>• သဲကျောက်များအလွယ်တကူထုတ်ယူနိုင်ခြင်း<br>• လယ်သမားအဖွဲ့ဖွဲ့စည်းထားရှိခြင်း | • ရန်ပုံငွေမလုံလောက်ခြင်း၊<br>• ဦးဆောင်ဦးရွက်မည့်သူမရှိခြင်း<br>• ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်မှုအားနည်းခြင်း | • ဆည်မြောင်းဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• လယ်သမားအဖွဲ့အစည်းမှ အလှူရှင်များရှာဖွေခြင်း | - ဘုန်းကြီးစခန်းရေလှဲဆည်မှ ကွန်ကရစ်ရေသွယ်မြောင်း တည်ဆောက်ပေးခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက်အောင်ရေ ရရှိပြီး အထွက်နှုန်းမြင့်မားလာမည်ဖြစ်ပါသည်။ |
| ၂ | **ကျန်းမာရေး** | | | | | |
| | • ဆေးရုံဆေးခန်းများ ဝေးကွာခြင်း | • ဓါတုဆေးဝါးများပါသောအစားအသောက်များစားသုံးခြင်း<br>• သက်ကြီးရွယ်အိုစောင့်ရှောက်မှု မရှိ | • သဘာဝအသီးအနှံစားသုံးခြင်း<br>• လူငယ်လူရွယ်များရှိခြင်း<br>• ကျန်းမာရေးနည်းလမ်းကောင်းရှိခြင်း | • ကျန်းမာရေးဗဟုသုတနည်းခြင်း<br>• ရောဂါအဖြစ်များခြင်း<br>• ရန်ပုံငွေမရှိခြင်း | • ကျန်းမာရေးဟောပြောပွဲများအားနည်းခြင်း<br>• ပရဟိတစိတ်ဖြင့် နွေးနွေးထွေးထွေးပြုစုစောင့်ရှောက် | ○ ဆေးဝါးများ တောင်းခံခြင်း<br>○ ရန်ပုံငွေလိုအပ်ခြင်း<br>○ ကျန်းမာရေးဝန်ကြီးဌာနများသို့တောင်းခံခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | ခြင်း<br>• တားဆေးထိုးခြင်း<br>• ပိုက်သွင်းခြင်း၊ဆေးကပ်စားခြင်း<br>• ဖျားနာခြင်း၊နှာစီးချောင်းဆိုးခြင်း | | | ခြင်း<br>• ကျန်းမာရေးဟောပြောမှုများလိုအပ်ခြင်း | |
| ၃ | **ဝင်ငွေရလုပ်ငန်းများ** | | | | | |
| | • လူငယ်တို့၏အလုပ်အကိုင်အခွင့်အလမ်း | • အလုပ်အကိုင်ရှားပါးခြင်း<br>• ဝင်ငွေမရှိခြင်း | • တောတောင်ရေမြေများရှိခြင်း<br>• လယ်ယာမြေများရှိခြင်း<br>• စိတ်ဝင်စားသူများရှိခြင်း<br>• လူ့စွမ်းအားအရင်းအမြစ်များရှိခြင်း | • နည်းပညာဆိုင်ရာစက်ရုံ၊အလုပ်ရုံများမရှိခြင်း<br>• နည်းပညာအားနည်းခြင်း၊<br>• ထောက်ပံ့ကြေးမရှိခြင်း<br>• အသက်မွေးဝမ်းကျောင်းသင်တန်းများလိုအပ်ခြင်း | • အသိပညာရှင်၊အတတ်ပညာရှင်များမှလက်တွေ့ကွင်းဆင်းသင်ကြားပေးခြင်း<br>• လိုအပ်သည့်အရင်းအမြစ်များကိုထောက်ပံ့ပေးအပ်ရန်လိုအပ်ခြင်း<br>• လုပ်အားအပြည့်ရှိခြင်း | –သက်ဆိုင်ရာမှ သင့်လျော်သောအကူအညီ အထောက်အပံ့များပေးခြင်း၊အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးခြင်း၊ဟောပြောပွဲများပြုလုပ်ကျင်းပပေးခြင်း<br>–သက်ဆိုင်ရာဌာနမှအထောက်အကူဖြစ်စေမည့်အသက်မွေးဝမ်းကျောင်းသင်တန်းများပို့ချပေးခြင်း<br>–အလုပ်ကိုယ်စီရရှိရန်အခွင့်အလမ်းများရရှိလိုခြင်း |
| | **ကျန်းမာရေးအဆောက်အဦး** | | | | | |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၄ | • ကျန်းမာရေးဆေးပေးခန်းမရှိခြင်း | • ဆေးရုံဆေးခန်းများနှင့် ဝေးကွာခြင်း | လူငယ်လူရွယ်များရှိခြင်း<br>မြေနေရာရှိခြင်း၇၀'×၆၀'<br>ကျန်းမာရေးဝန်ထမ်းရှိခြင်း | • ဆောက်လုပ်ရန်မြေနေရာရှိသော်လည်း စားကျက်မြေအဖြစ်သတ်မှတ်ထားခြင်း<br>• ကျန်းမာရေးဆေးပေးခန်းများမရှိခြင်း<br>• သားဖွားဆရာဝန်/မများ လုံလောက်စွာမချပေးခြင်း<br>• ပုံစံ ၁၀၅/၁၀၆မရှိခြင်း | • ဆောက်လုပ်ရန်ငွေကြေးချပေးခြင်း<br>• စားကျက်မြေအဖြစ်မှပယ်ဖျက်ပေးခြင်း<br>• ရန်ပုံငွေရှာဖွေခြင်း<br>• အလှူရှင်များဖိတ်ခေါ်ခြင်း | – ဆောက်လုပ်ရန်ရန်ပုံငွေတောင်းခံခြင်း<br>– ဌာနဆိုင်ရာများနှင့်ပူးပေါင်းပြီး ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ရန် |
| | **ပညာရေး** | | | | | |
| ၅ | • ကျောင်းအဆောက်အဦးမလုံလောက်ခြင်း<br>• | • ကျောင်းသားဦးရေတိုးလာခြင်း၊ပြုပြင်ထိန်းသိမ်းမှုအားနည်းခြင်း<br>• နည်းပညာဆိုင်ရာသင်ထောက်ကူပစ္စ | • ပညာရေးဌာနများနှင့်ချိတ်နိုင်ခြင်း၊ ပညာရေးဌာနများနှင့်ချိတ်ဆက်၍ လိုအပ်ချက်များတင်ပြတောင်းဆို | • ပြုပြင် ထိန်းသိမ်းမှုအားနည်းခြင်း၊ အကူအညီများနည်းပါးခြင်း<br>• မိဘများစာပေဗဟုသုတ အသိ | • ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ဆောင်ရွက်ခြင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် မိဘဆရာအသင်းတို့ | – ဘက်စုံကောင်းသည့်ကျောင်း၊ အသစ်ဖန်တီးတည်ဆောက်ခြင်း၊ကစားကွင်းနေရာများစီမံထားရှိရခြင်း၊<br>– ကျောင်းဝန်းကျင်သန့်ရှင်းသာယာလှပရေးဖန်တီးခြင်း၊ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | ည်းများမရှိခြင်း<br>• လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း<br>• စီးပွားရေးပြေလည်မှုမရှိခြင်း<br>• ပညာတတ်နည်းပါးခြင်း<br>• ကျောင်းမှ ဆရာ/မများ မလုံလောက်ခြင်း<br>• အဆောက်အဦးမလုံလောက်ခြင်း | နိုင်ခြင်း<br>• အထကခွဲရှိခြင်း<br>• ကျောင်းသားဦးရေများပြားခြင်း<br>• ဆရာ/မများရရှိရန်နှင့်အဆောက်အဦးများချပေးရန် | ပညာအားနည်းခြင်း<br>• အထက်တန်းပတ်ကားကျောင်းလိုအပ်သည်။ | ပူးပေါင်း၍ ဆောင်ရွက်ရန် စီစဉ်ပေးခြင်း။<br>• နည်းပညာဆိုင်ရာပညာပေးသင်တန်းများဟောပြောပို့ချပေးခြင်း<br>• ဆရာ/မများလိုအပ်ခြင်း | သီချင်းဆိုပြိုင်ပွဲ၊ပန်းချီ ပြိုင်ပွဲစသည့်ပြိုင်ပွဲများကျင်းပပေးခြင်း<br>– ကလေးများကျောင်းနေပျော်၍ဘက်စုံတော်စေရန် ကွန်ပျူတာနှင့်နည်းပညာဆိုင်ရာ ပစ္စည်းများပံ့ပိုးပေးရန် ကလေးများနှင့်ပတ်သက်သော အားကစားပစ္စည်းများ ပံ့ပိုးပေးရန်<br>– ပညာရေးဝန်ကြီးဌာနများသို့ တောင်းခံခြင်း |
| ၆ | **လမ်း၊ တံတား၊** | | | | | |
| | • လမ်းမကောင်းခြင်း<br>• လမ်းများပျက်စီးခြင်း<br>• ကျေးရွာတွင်းလမ်းမကောင်းခြင်း | • ကျောက်ခင်းလမ်းများဖြစ်နေသဖြင့် အများပြည်သူများသွားလာရာတွင် အန္တရာယ်များ ခြင်း | • ကတ္တရာလမ်းခင်းပေးခြင်းဖြင့် အခြေအနေကောင်းလာနိုင်ခြင်း<br>• လူအင်အားအပြည့်ရှိခြင်း | • ကျေးရွာရန်ပုံငွေများလိုအပ်ခြင်း<br>• ကားကြီးများဖြတ်သန်းသွားလာခြင်း<br>• ရေနုတ်မြောင်း | • ဌာနဆိုင်ရာပံ့ပိုးမှုနှင့် ကျေးရွာနေပြည်သူများ ပူးပေါင်းဆောင်ရွက်ခြင်း<br>• ငွေကြေးထောက်ပံ့မှုများလုံလောက်စွာ | ထခွဲကျောင်းရှိနေသဖြင့် ပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသူ/သားများအချိန်မှီကျောင်းတက်နိုင်ရန်နှင့် အများပြည်သူများသွားလာရန် လွယ်ကူစေရေးအတွက် |
| | • | • လမ်းများတွင်ချိုင့်ခွ | | | | |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | က်များနှင့် လမ်းတံတားများပျက်စီးနေခြင်း<br>• မြေသားလမ်းဖြစ်နေခြင်း | • ရေချောင်းနှင့်နီးပြီးသဲကျောက်များရှိခြင်း<br>• ရေပူစမ်းအပန်းဖြေစခန်းရှိခြင်း | များလိုအပ်ခြင်း<br>• ငွေကြေးမပြည့်စုံခြင်း<br>• ငွေကြေးချို့တဲ့ခြင်း<br>• နည်းပညာအားနည်းခြင်း | ရှိနေပါက အဆင်ပြေစွာပြုပြင်နိုင်ခြင်း<br>• ကျေးရွာဆပ်ကော်မတီဖွဲ့စည်းပြီးကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ကျောက်ချောလမ်းပေါ်တွင် ကတ္တရာလမ်းအဖြစ်ခင်းပေးနိုင်ရန် အဆိုပြုတင်ပြခြင်း<br>ထောက်ပံ့မှုများပေးစေလိုခြင်း<br>လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင်ဆောင်ရွက်ရန် ကွန်ကရစ်လမ်းခင်းပေးရန် |
| ၇ | **စိုက်ပျိုးရေး** | | | | | |
| | • သီနှံများအချိန်မှီမရိတ်သိမ်းနိုင်ခြင်း | • ရာသီဥတုဖောက်ပြန်ခြင်း၊ဆည်မှရေလုံလောက်မှုမရရှိခြင်း<br>• သီးနှံများအထွက်တိုးရန်လိုအပ်ခြင်း<br>• စပါးအထွက်မတိုးဘဲလျော့နည်းခြင်း | • စိုက်ပျိုးမြေများ၊ လယ်ယာမြေများရှိခြင်း<br>• နည်းပညာနှင့် ရေလုံလောက်စွာရှိခြင်း | • ဝင်ငွေများလုံလောက်မှုမရှိခြင်း<br>• တပိုင်တနိုင်ဆည်များတည်ဆောက်ရာတွင် ငွေကြေးနှင့်အခြားလိုအပ်မှုများရှိခြင်း<br>• ပညာပေးလုပ်ငန်းများထိရောက်စွာ | • စက်မှုလယ်ယာဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးခြင်း<br>• ဆည်များတည်ဆောက်ခြင်း။နည်းပညာများကို လယ်လုပ်သားများနှင့်အနီးကပ်စုပေါင်းပညာပေးခြင်းဖြင့်ဆောင်ရွက်နိုင်ခြ | • လယ်ထွန်စက်များအရစ်ကျချပေးရန်<br>• ရာသီသီးနှံများအထွက်တိုးရန်အတွက် ရေလုံလောက်စွာရရှိနိုင်ရန် ကွင်းအမှတ်(၂၆၇)လယ်ယာမြေများနှင့် အခြားကွင်းများတွင် ဆည်မြောင်းများ တည်ဆောက်ပေးရန်ထွက်ရှိလာသော |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | မရှိခြင်း<br>• မျိုးကောင်းမျိုးသန့်များမရှိခြင်း<br>• စိုက်ပျိုးရေးနည်းပညာမသိရှိခြင်း<br>• စပါးပင်တွင် ရောဂါဝင်နေလျှင် ရောဂါ၏အမည် ကို မသိရှိခြင်း<br>• သုံးစွဲရမည့်ဆေး များကိုမသိခြင်း<br>• ဓါတ်မြေသြဇာသုံး စွဲရန်ငွေလုံလော က်မှုမရှိခြင်း<br>• ခေတ်မီလယ်ထွန် စက်များ၊ကုန် ထုတ်ကုန်တင် ယာဉ်များမရှိခြင်း | င်း<br>• စိုက်ပျိုးရေးနည်း ပညာပေးခြင်း<br>• စပါးပင်၏ရောဂါ အမည်ကို ပြသပေးခြင်း<br>• ဆေးများကိုအသုံးပြု ရန်စနစ်တကျလက် တွေ့သင်တန်းပေး ခြင်း<br>• မြေဆီများလုံလောက် စွာသုံးစွဲရန် ငွေချေး ပေးခြင်း<br>• ခေတ်မီလယ်ထွန်စက် ကြီးများနှင့် ကုန်တင် ယာဉ်များကို ဈေးနှုန်း ချိုသာစွာ ရောင်းပေး ခြင်း<br>• ဆည်မြောင်းနှင့် လမ်းတံတားများ | သီးနှံများအရည်အသွေး ကောင်းမွန်ရန် နည်းပညာ နှင့် ဓါတ်မြေသြဇာများ ပံ့ပိုး ကူညီပေးရန် အဆိုပြုတင်ပြ ခြင်း<br>• လယ်ယာထွက်ကောက်ပဲ သီးနှံမျိုးစုံရောင်းဝယ်ရေး ဈေးကွက်ရှိရန်၊ ဆန်စပါး များကိုနိုင်ငံခြားသို့ လွယ်ကူ စွာရောင်းချနိုင်ရန်<br>• သက်ဆိုင်ရာလူကြီးမင်းများ မှ ပံ့ပိုးကူညီပေးရန်နှင့် အထက်ပါလိုအပ်ချက်များ ကို စနစ်တကျဖြင့်ကူညီပံ့ပိုး ပေးရန် အဆိုပြုအပ်ပါသည်။ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | | တည်ဆောက်ပေးခြင်း | |

# ကိုးကားစာရင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊ ၂၀၁၅၊မေ။

၂။ ၂၀၁၆ ခု စက်တင်ဘာလက လယ်မှီးကျေးရွာတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှမှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊